## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ

# မြဝတီ

နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာမြန်ချို မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၇)

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ မေ ၂၅ ရက်၊ ကြာသပတေးနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့်ယဉ်ကျေးမှုကဏ္ဍများမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာ **စာမျက်နှာ ၁၆ ကော်လံ ၁ ★**


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ပြည်တွင်းနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား **MMM Service** အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဧပြီ ၂၅ ရက်)

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို ရည်မှန်းချက်ထားတည်ဆောက်ပေးလျက်ရှိရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။ **ယနေ့လူငယ် နောင်ဝယ်လူကြီး**ဆိုသည့်အတိုင်း နောင်တစ်နေ့တွင် လူကြီးဖြစ်လာကြမည့်လူငယ်တို့၏ အနာဂတ်လှပရေးအတွက် ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ လူငယ်မောင်မယ်တိုင်း ပညာပြည့်ဝနှလုံးလှနေမှသာ နိုင်ငံတော်၏အနာဂတ်သည် တည်ငြိမ်လှပနေမည်ဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးနှင့်ကျောင်းပညာကို ဆုံးခန်းတိုင်သင်ယူနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးနေခြင်းလည်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတိုင်း အနိမ့်ဆုံးအဆင့် KG+9 အထိ တတ်မြောက်ထားရမည်ဖြစ်ပြီး ထို KG+9 အောင်မြင်ပြီးမြောက်ပါက အခြားသောပညာရေးနယ်ပယ်အသီးသီးသို့ ဆက်လက်လျှောက်လှမ်းရန်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆက်လက်သင်ကြားနိုင်ရန် စီမံပေးထားသည်မှာ ယနေ့လူငယ်မောင်မယ်ကျောင်းသား၊ ကျောင်းသူများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆရာများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအတွက် နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်း၊ ရုပ်မြင်သံကြားသတင်းမီဒီယာများတွင်လည်းကောင်း အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများကို ဖော်ပြပေးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံးအလယ်တန်းအဆင့် (Grade -9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရပ်များကိုသင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင် (၅၀) ရှိ အခြေခံပညာအထက်တန်းကျောင်း (၅၁) ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ခရိုင် (၃၄)ခရိုင်၌ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့်သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းလည်း ရရှိလာမည်ဖြစ်သည်။ အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းပညာ ဆက်လက်သင်ယူမည့်ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများသိရှိနိုင်စေရန်(၁)အခြေခံပညာအထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄)မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ်လေးမျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းကောင်းများအကြောင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ထပ်မံဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (၃၄) ကျောင်းကိုလည်း နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် ဖော်ပြပေးလျက်ရှိပါသည်။

ပညာရေးလမ်းသွယ်လေးမျိုးတွင် ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် ကြိုးစားမှုရှိလျှင်ရှိသည့်အလျောက် ဆက်လက်တက်ရောက်သင်ကြားနိုင်မည့် အခွင့်အရေးများကိုလည်း သတ်မှတ်ထားပြီးဖြစ်သည်။ လူပုဂ္ဂိုလ်တစ်ဦးအောင်မြင်တိုးတက်ရန်မှာ အသိပညာ၊ အတတ်ပညာကြွယ်ဝမှုပေါ်တွင်မူတည်သည်။ လူတိုင်းအတွက် ပညာတတ်မြောက်မှုမှာ မရှိမဖြစ်လိုအပ်သည်။ နိုင်ငံသားတိုင်း စားဝတ်နေရေးအဆင်ပြေစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းကိုလိုအပ်သည်။ ထိုအလုပ်အကိုင်အခွင့်အလမ်းကို ပညာဖြင့်သာရယူနိုင်မည်ဖြစ်သည်။ ပညာရေးလမ်းသွယ်လေးမျိုးမှာ အလုပ်အကိုင်အခွင့်အလမ်းပေါများရေး၊ ကျွမ်းကျင်ပညာရှင်များပေါ်ထွန်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးလမ်းသွယ်လေးမျိုးအနက် မိမိတို့နှစ်သက်ဝါသနာပါရာပညာရပ်ကို ကြိုးစားသင်ယူခြင်းဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

မကွေး၊ လူမှုရေး

## မကွေးမြို့နယ်၌ မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေး

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဧပြီလ ၂၃ ရက်တွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးက မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ယခင်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့်စီမံကိန်းလုပ်ငန်းများ၏ အားသာချက်များ၊ အားနည်းချက်များ၊ အခက်အခဲများနှင့် အကြံပြုချက်များကို ဆွေးနွေးပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးမင်းဇော်ဟန်က မြို့နယ်အဆင့်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲတွင် ဆွေးနွေးပေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာကော်မတီဝင်များက အုပ်စုများခွဲ၍ ဆွေးနွေးကြပြီး ဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြကြသိရသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မကွေးမြို့နယ်အတွင်းရှိ ကျေးရွာ ၄၃ ရွာ၌လည်းကောင်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးရွာ ၁၂ ရွာ၌လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ကျေးရွာလေးရွာ၌လည်းကောင်း၊ ဆိုလာစနစ်သုံးရေတင်လုပ်ငန်းဆောင်ရွက်သော ကျေးရွာသုံးရွာ၌လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းကို ကျေးရွာနှစ်ရွာ၌လည်းကောင်း၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village) ကို ကျေးရွာတစ်ရွာ၌ လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF)ကို ကျေးရွာတစ်ရွာ၌လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချိုလေး**

မုံရွာ၊ လူမှုရေး

## မုံရွာမြို့၌ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ ထပ်ဆင့်ရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားမှုဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ ဒုတိယအကြိမ် ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဧပြီလ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဦးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းမှ ကင်းလွတ်ခြင်း၊ ယာယီရွှေ့ဆိုင်းနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များကို ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၆း၀၃ | တရားတော် |
| ၃။ | ၇း၂၀ | မေတ္တာပို့ |
| ၄။ | ၇း၂၅ | မမ္မပူဇာတေး |
| ၅။ | ၇း၄၅ | မျိုးချစ်တပ်မတော် |
| ၆။ | ၈း၃၅ | သုတစုံလင်ဗဟုသုတပုံပြင် |
| ၇။ | ၉း၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၈။ | ၁၈း၁၅ | သီချင်းလက်ဆောင် |
| ၉။ | ၁၈း၄၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၁၀။ | ၁၉း၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း -မယ်သီတာလို မိန်းကလေး အပိုင်း(၁)** |
| ၁၁။ | **ညစာနာရီ သတင်း အပြီး** | အမျိုးသားရေးတေးကဗျာ |
| ၁၂။ | | အတွေးအမြင် |
| ၁၃။ | | တရားတော် |

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်

**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်

**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်

**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်

**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်

**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**

စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**

စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**

တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**

တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** -၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com

Website - www.myawady.net.mm

မကွေး၊ မွေးမြူရေး

# မကွေးတိုင်းဒေသကြီးရှိ ပျားမွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဒုတိယအကြိမ် ချေးငွေများ ထုတ်ချေးပေးနိုင်ရေး စီစဉ်လျက်ရှိ



ပြီးခဲ့သည့်ဘဏ္ဍာနှစ်က မကွေးတိုင်းဒေသကြီးရှိ ပျားမွေးမြူသူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပထမအကြိမ်အဖြစ် ချေးငွေ ငွေကျပ် သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ချေးငွေများ ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

လက်ရှိ ပြည်တွင်း၌ လုပ်ငန်းလိုင်စင်ဖြင့် ပျားမွေးမြူသူဦးရေ ၉၀၀ ကျော်နှင့် ပျားအုံပေါင်း နှစ်သိန်းဝန်းကျင်ရှိကာ တစ်နှစ်လျှင် စုစုပေါင်းပျားရည် မက်ထရစ်တန်ချိန် ၄၀၀၀ ကျော်ထွက်ရှိကြောင်း၊ အဆိုပါ ပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့လျက်ရှိပြီး ကျန် ၄၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်း၌ စားသုံးခြင်းနှင့် ဆေးဝါးထုတ်လုပ်သည့်လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

"ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာ မကွေးတိုင်းဒေသကြီးက ပျားမွေးမြူသူတွေကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကနေ ငွေကျပ် သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ပါတယ်။ ဒီဘဏ္ဍာနှစ်မှာလည်း ထပ်မံထုတ်ချေးပေးဖို့ စီစဉ်နေပါတယ်။ အဲဒီချေးငွေတွေက နှစ်တိုချေးငွေဖြစ်ပြီး တစ်နှစ်အကြာမှာ ပြန်ဆပ်ရမှာပါ။ ခြောက်လတစ်ကြိမ် အတိုးပေးသွင်းပြီး အရင်းကို တစ်နှစ်ပြည့်တဲ့အခါမှာ ပြန်ဆပ်ရမှာပါ။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာတော့ ပျားအုံတစ်အုံကို ငွေကျပ် ၂၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပေးခဲ့ပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင်ကပြောသည်။

ယခုအခါ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် ပြည်တွင်း၌ ပျားရည်အထွက်နှုန်း တိုးတက်မြင့်မားလာစေရန်၊ ပျားအုံတစ်အုံ၏ တစ်နှစ်ထွက်ရှိမှုပမာဏ တိုးမြင့်လာစေရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ပျားရည်များ ထုတ်လုပ်နိုင်စေရန် သင်တန်းများဖွင့်လှစ်ကာ နည်းပညာဖြန့်ဝေပေးလျက်ရှိသည်။

ပြည်တွင်း၌ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပျားရည်အများဆုံးထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း ပျားရည်များ ထွက်ရှိကြောင်း၊ ပြည်တွင်းမှထွက်ရှိသော ပျားရည်အမျိုးအစားများတွင် နှမ်းပျားရည်၊ နေကြာပျားရည်၊ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ လိုက်ချီးပျားရည်တို့ ပါဝင်ကြောင်း သိရသည်။

**ဆောင်းဦး**

နေပြည်တော်၊ ခရီးသွား

# နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီကမ်းခြေသို့ သင်္ကြန်ကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၁၁၅၅ ဦး လာရောက်လည်ပတ်ခဲ့

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီကမ်းခြေသို့ ယခုနှစ်သင်္ကြန်ကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၁၁၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ကြောင်း နေပြည်တော်မြို့နယ် Ki ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်စုစု၏ပြောပြချက်အရ သိရသည်။

နေပြည်တော်မြို့နယ်ရှိ ဥမ္မာဒန္တီကမ်းခြေသို့ သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ၂၁၁၅၅ ဦးအထိ လာရောက်လည်ပတ်ခဲ့ကြောင်း၊ သင်္ကြန်အကျနေ့တွင် ခရီးသွားဧည့်သည်အများဆုံးလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန်ကာလမှာ ဥမ္မာဒန္တီကမ်းခြေကို ညအိပ်လာရောက်လည်ပတ်တဲ့ဧည့်သည်တွေရှိသလို နေ့ချင်းပြန်လာတဲ့သူတွေလည်းရှိပါတယ်။ ဒီနှစ်သင်္ကြန်က ခရီးသွားဧည့်သည်လာရောက်မှုများတယ်။ မနှစ်ကသင်္ကြန်ထက် ခရီးသွားဧည့်သည်တွေ ပိုပြီးလာရောက်ခဲ့ပါတယ်။ ကမ်းခြေကို လာရောက်လည်ပတ်တဲ့ ဧည့်သည်တွေထဲမှာ ရန်ကုန်တိုင်းဒေသကြီးကနေ အများဆုံးလာရောက်ကြတာပါ"ဟု ဒေါ်စုစုကပြောသည်။

ဥမ္မာဒန္တီကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ အပန်းဖြေအနားယူနိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ စသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါကမ်းခြေတွင် ဒေသထွက်အစားအစာအမျိုးမျိုး၊ အမှတ်တရလက်ဆောင်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုးကို ဆိုင်ခန်းများဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

ရွှေဘို၊ စိုက်ပျိုးရေး

# ရွှေဘိုခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၅၀၈၇ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၅၀၈၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ရွှေဘိုခရိုင်၌ နွေစပါး ဧက ၈၃၇၀၀ စိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှစတင်စိုက်ပျိုးခဲ့ကြရာ ၃၅၀၈၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုခရိုင်မှာ နွေစပါး ဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့အထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နွေစပါးစိုက်ပျိုးချိန်မှာ အထွက်နှုန်းကောင်းမျိုးတွေကို စိုက်ပျိုးဖို့၊ အချိန်မီစိုက်ပျိုးဖို့၊ စိုက်နည်းစနစ် မှန်ကန်စေဖို့နဲ့ ပိုးမွှားကျရောက်မှုမရှိစေဖို့ အဓိကထားဆောင်ရွက်ပါတယ်။ စပါးအရည်အသွေးကောင်းမှ ဈေးကောင်းရမှာပါ"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းကပြောသည်။

ယခုနှစ်တွင် ရွှေဘိုခရိုင်၌ မြို့နယ်အလိုက် နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်၌ ၂၀၀၄၃ ဧက၊ ခင်ဦးမြို့နယ်၌ ၁၂၄၂၅ ဧက၊ ဝက်လက်မြို့နယ်၌ ၁၅၅၆ ဧကနှင့် ကျောက်မြောင်းမြို့နယ်ခွဲ၌ ၆၃ ဧက စုစုပေါင်း ၃၅၀၈၇ ဧကဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်အတွင်း ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရွှေဘိုခရိုင်၌ နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာများပေးခြင်း၊ မြေဩဇာကျွေးနည်းစနစ်၊ သဘာဝမြေဩဇာအသုံးပြုရေး၊ ပေါင်းရှင်းရေး စသည့်အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

မြဝတီ ကာတွန်း



# အောင်ရဲ့အောင်

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

အောင်က ကိုလတ်ကို ပြန်မချေပတတ်သဖြင့် မျက်စောင်းတစ်ချက်သာ ဝေ့လိုက်သည်။

ကိုလတ်က သူဘာမှမပြောသလို မျက်နှာကို တည်ထားသည်။

ချောစုနှင့် ဆန်းဆန်းမြင့်တို့က ရယ်မောနေကြသည်။

**အခန်း(၃၄)**

သူတို့ပြန်သွားတော့ အောင့်ကို ပျဉ်ထောင်အဆောင်ဘက်နှင့် အုတ်တိုက်အဆောင်ဘက်မှ မိန်းကလေးတွေကလှမ်း၍ "အောင်ရေ၊ မုန့်ဝယ်ကျွေးဟေ့" ဟု လှမ်း၍တောင်းဆိုကြသည်။

အောင်နှင့် ခင်မင်ရင်းနှီးနေပြီဖြစ်ကြသော အဆောင်သူတချို့ကတော့ အောင့်ကို "အောင်အောင်လေး၊ အောင်အောင်လတ်" ဟု လှမ်းနောက်ကြပြန်သည်။

"ချောစုပြောတော့ အောင်က ဟိုတစ်လောတုန်းက "အောင်ရဲ့အောင်" ဖြစ်သွားပြီဆို"

တစ်ယောက်က လှမ်းမေးသည်။ ချောစုက. . .

"ခု မဟုတ်တော့ဘူးဟဲ့၊ သူ့ယောက်ျား နိုင်ငံခြားသွားတုန်းက နောက်မီးလင်းတာ၊ ခု သူ့လင်ကြီးပြန်လာပြီဟဲ့"

အောင်သည် ချောစုကို နောက်မှ လည်ပင်းကို တံတောင်ဆစ်ကွေး လှမ်းဖက်လျက် လက်နှင့်လည်ပင်းကို ညှစ်ထားလေသည်။

"သေပါပြီ အောင်"

"တမင်သေအောင် သတ်တာပဲ"

"ဂျင်းမားရုပ်ရှင်ထဲမှာ ကြိုးဆွဲချခံရတာ မတွေ့ဘူးလား၊ ကြိုးပေးခံရရင် အဲလိုနေမှာပဲနော်၊ နင်မကြောက်ဘူးလား"

"မကြောက်သေးဘူး"

"ငါတော့ သေနည်းအမျိုးမျိုးထဲမှာ အိပ်ဆေးပဲသောက်သေချင်တယ်၊

"သေပါလား၊ ငါ့စားပွဲပေါ်မှာ ဖီနိုတွေရှိသေးတယ်"

"မရှိတော့ဘူး၊ ကိုအောင်တောင်းပြီး သိမ်းလိုက်ပြီ၊ ညည အိပ်မပျော်တဲ့အခါမှာ နင် သောက်သောက်အိပ်တာ မကြိုက်ဘူးတဲ့"

"ရှည်လိုက်တာဟယ်၊ ဘာလို့ ပေးလိုက်ရတာလဲ"

"ခုတော့ မလိုတော့ဘူးလေဟယ်" ချောစုကပြော၏။

မမစံက ရုံးကအပြန် ဟင်းချက်ရန်ပြင်နေရာမှ အောင့်အားလှမ်း၍

"အောင် ညကျ တစ်ခုခုတော့ကျွေးဟယ်"

"ကျွေးမှာပေ့ါ မမစံကလည်း၊ ဒါပေမဲ့ ဘိုင်ကျနေလို့ ပိုက်ဆံလေးကျပ်ပဲရှိတော့တယ် "ကြက်ဆင်" က အီကလယ် ဝယ်ကျွေးချင်တာ၊ အိမ်က ပိုက်ဆံရမှ"

"မလိုပါဘူးကွယ်၊ တစ်ခုခုသုပ်စားရအောင်၊ ဂီတာလေး ဘာလေး လည်းတီးပေ့ါ"

သည်တော့ ဆန်းဆန်းမြင့်က မျက်နှာရှုံ့လျက်. . .

"အမယ်လေး အောင်ရယ်၊ စိတ်ကူးမယဉ်စမ်းပါနဲ့၊ သီးခြားကမ္ဘာ မဟုတ်ပါဘူး၊ ဘယ်ကလာတဲ့ မြောင်းပုပ်နံ့လည်းမသိဘူး၊ မြောင်းနဲ့ကပ်လျက်က အိမ်သာအနံ့နဲ့ ဒီကြားထဲ သူယောင်မယ်တစ်လှည့်၊ ပျာကလတ်တစ်လှည့်၊ သူတို့အဖော်သစ် ခရစ္စတင်းဆိုတာတစ်လှည့်၊ တို့အဆောင်ရှေ့က ဖြတ်ဖြတ်သွားလိုက်၊ ထမင်းစားချိန်မရှောင် ဘာမရှောင် ချွဲဟက်ပြီး တံတွေးထွေးလိုက်၊ စောင်းချိတ်ရန်လိုသွားလိုက်၊ သူတို့ချင်း စကားတင်းဆိုလိုက်နဲ့ စိတ်ပိန်လိုက်တာဟယ်. . ."

"အမယ်လေး၊ အနှောင့်အယှက်မှ ကင်းပါ့မလားပဲ၊ သူယောင်မယ်နဲ့ ပျာကလတ်တို့ကလည်း တို့ကိုချစ်လွန်းလို့ တို့နဲ့လိုက်အဆောင်ပြောင်းလာတာက အခက်၊ နေရာတိုင်းမှာ သူ့မျက်နှာ"

"ကိစ္စမရှိပါဘူး၊ မိဆန်းမြင့်ရဲ့၊ ငါတို့ရဲ့ မိထူးတို့ ပျော်စံစရာလေးက သီးခြားကမ္ဘာလေးပဲ၊ ဘာပဲဖြစ်ဖြစ် စိတ်ချမ်းသာတယ်၊ ပန်းနုရောင်ရွက်နုဝေနေတဲ့ သစ်ပင်ရိပ်နဲ့ ပြတင်းပေါက်ဖွင့်လိုက်ရင် ရိုးမရိပ်သာဘက်သွားရာလမ်းဘက်က မြရာပင်၊ နွယ်ပင်တွေ၊ ကုက္ကိုပင်တွေနဲ့. . ."

"အမယ်လေး အောင်ရယ်၊ စိတ်ကူးမယဉ်စမ်းပါနဲ့၊ သီးခြားကမ္ဘာ မဟုတ်ပါဘူး၊ ဘယ်ကလာတဲ့ မြောင်းပုပ်နံ့လည်းမသိဘူး၊ မြောင်းနဲ့ကပ်လျက်က အိမ်သာအနံ့နဲ့ ဒီကြားထဲ သူယောင်မယ်တစ်လှည့်၊ ပျာကလတ်တစ်လှည့်၊ သူတို့အဖော်သစ် ခရစ္စတင်းဆိုတာတစ်လှည့်၊ တို့အဆောင်ရှေ့က ဖြတ်ဖြတ်သွားလိုက်၊ ထမင်းစားချိန်မရှောင် ဘာမရှောင် ချွဲဟက်ပြီး တံတွေးထွေးလိုက်၊ စောင်းချိတ်ရန်လိုသွားလိုက်၊ သူတို့ချင်း စကားတင်းဆိုလိုက်နဲ့ စိတ်ပိန်လိုက်တာဟယ်"

မမစံက ညည်းညည်းညူညူ ပြောလိုက်လေသည်။ ဆန်းဆန်းမြင့်က

"ဟေ့ အောင်၊ ခရစ္စတင်းက ယောက်ျားရပြီးသားတဲ့၊ အဲဒီယောက်ျားနဲ့ကွဲပြီး ဒီမှာလည်း နောက်တစ်ယောက်ရပြီး ထပ်ကွဲပြန်ရောတဲ့၊ သူ့အိမ်ကတော့ အပျံစားကားနဲ့ စားစရာတွေလာပြီးပို့နေတာပဲ၊ လေယာဉ်မောင်ဝတ်စုံတွေ တစ်ခါတစ်ခါလျှော်လှန်းတာ အထည်နှစ်ဆယ်ကျော်တယ်"

"အဲဒါ သူ့အိမ်မဟုတ်ဘူး၊ သူ့ယောက်ျားအိမ်"

မမစံက လေသံနှင့်ပြောတော့ ချဉ်ပေါင်ရွက်သင်နေသော ချောစုက မကြားရသဖြင့် ကပျာကယာပြေးလာပြီး. . .

"ဘာလဲ ဘာလဲ မမစံ၊ ချောစု မကြားရဘူး"

"အမယ်လေး၊ မိန်းမ ဝါသနာက. . ."

မမစံက ရယ်ရင်းပြောလိုက်သည်။ အောင်က. . .

"အကြင် အကြင် အတင်းစကားသည် ဖောက်ပြန်သူတို့အား အပုပ်ချဝေဖန်သည်ဖြစ်အံ့၊ မှန်သည်လည်းဖြစ်အံ့၊ ကြားနာကောင်း၏ ယထာဘူတကျ၏။ သူတို့လို မကျင့်ရန် ပြင်ဆင်လျက် သိက္ခာကို စောင့်စည်းရာကျ၏။ သို့ကြောင့် ကုသိုလ်ဖြစ်၏"

မမစံက အောင့် ခေါင်းကိုထုကာ ရယ်မောလိုက်လေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

အင်းတော်၊ လူမှုရေး

## အင်းတော်မြို့နယ်၌ ချည်ထိုး ပန်းထိုးနှင့် ပန်းအလှထိုးနည်းသင်တန်းဖွင့်လှစ်



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အင်းတော်မြို့ ပန်းဝါသနာရှင်များ ပူးပေါင်း၍ ချည်ထိုး၊ ပန်းထိုးနှင့် ပန်းအလှထိုးနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၃ ရက်က အဆိုပါဦးစီးဌာန Community Centre ၌ ကျင်းပသည်။

ရှေးဦးစွာ အင်းတော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သီဟက ဦးစီးဌာန အနေဖြင့် နွေရာသီအားလပ်ရက်များတွင် လူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး၊ မိမိတို့ဝါသနာပါရာ လုပ်ငန်းများကို လေ့လာပြီး စိတ်ပါဝင်စားစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ မိမိ တတ်ကျွမ်းထားသည့် ပညာရပ်များကို အကျိုးရှိရှိ အသုံးပြုနိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများဖြစ်သည့် ဒေါ်သီဂီထွန်းနှင့် ဦးမြင့်ဇော်တို့က သင်တန်းတွင် သင်ကြားပေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၃ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး သင်တန်းတွင် လက်မှုပညာများဖြစ်သည့် ချည်ထိုး၊ ပန်းထိုးနှင့် ပန်းအလှထိုးနည်းများကို သင်ကြားပြသပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၂ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်သီဟ**

---

နောင်ချို၊ စီးပွားရေး

## မြန်မာနိုင်ငံမှထွက်ရှိသည့် မက္ကဒေးမီးယားကုန်ချောများကို ရုရှားနိုင်ငံမှဝယ်ယူရန် ကမ်းလှမ်းထား

ယခုနှစ်အတွင်း မြန်မာနိုင်ငံမှထွက်ရှိသည့် မက္ကဒေးမီးယားကုန်ချောများကို ရုရှားနိုင်ငံမှ ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နောင်ချို မက္ကဒေးမီးယားစီမံကိန်းဌာန စီမံကိန်းမန်နေဂျာ ဦးတင်နိုင်ထွန်း၏ပြောပြချက်အရ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် မက္ကဒေးမီးယားကုန်ကြမ်းကို တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ အဓိကတင်ပို့လျက်ရှိရာ လာမည့်ရာသီချိန်အတွက် ရုရှားနိုင်ငံမှ ဝယ်ယူရန် စတင်ကမ်းလှမ်းလာခြင်းဖြစ်သည်။

"ရုရှားကပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက မက္ကဒေးမီးယားထွက်သမျှကို ဝယ်ယူဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ လက်ရှိအနေအထားက MoU တော့မရေးထိုးရသေးပါဘူး။ ဒါပေမဲ့ ထွက်သမျှအကုန်ယူမယ်ဆိုတော့ ဒီနှစ်မှာ တင်ပို့နိုင်မယ့်အခြေအနေများပါတယ်"ဟု ဦးတင်နိုင်ထွန်းကပြောသည်။

ထိုသို့ကမ်းလှမ်းရာတွင် ကုန်ချောအမျိုးအစားတစ်ခုဖြစ်သည့် သော့သီးစေ့ကွက်ကို ကမ်းလှမ်းထားခြင်းဖြစ်ကြောင်း သိရသည်။

"ရောက်တာနဲ့ အသင့်စားသုံးနိုင်တဲ့ သော့သီးစေ့ကွက်ကို သူတို့က ပိုကြိုက်ပါတယ်။ အဲဒီအတွက် ဈေးနှုန်းတွေဘာတွေ မေးမြန်းတာတွေရှိနေပြီ။ ဒါကြောင့် လာမယ့်နှစ်မှာ ကုန်ကြမ်းထက် ကုန်ချောကို တင်ပို့ဖို့များပါတယ်"ဟု ဦးတင်နိုင်ထွန်းကပြောသည်။

ရုရှားနိုင်ငံသို့ မက္ကဒေးမီးယားကုန်ချောများတင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တစ်ဆင့် တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

မက္ကဒေးမီးယားကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံ၊ ရပ်စောက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချို စသည့်ဒေသများအပါအဝင် ဒေသအနှံ့အပြား၌ တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ခန့်ခန့်**

နေပြည်တော် ဧပြီ ၂၄

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ သြဝါဒခံယူပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများခင်းကျင်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ သြဝါဒခံယူပွဲ အခမ်းအနားအတွက် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC II) ၌ ကြိုတင်ပြင်ဆင်လေ့ကျင့်နေမှုနှင့် ပြခန်းများခင်းကျင်းနေမှုတို့ကို ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သွားရောက် ကြည့်ရှုစစ်ဆေးအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခန်းမအတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ တေးသရုပ်ဖော်များဖြင့် သီဆိုဖျော်ဖြေတင်ဆက်ရန်လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် ဝန်ကြီးဌာနအလိုက်ခင်းကျင်းပြသရန် ပြင်ဆင်ဆောင်ရွက်နေသည့် ပြခန်းများကိုကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဝန်ကြီးဌာန ၂၃ ခုမှ ပြခန်းပေါင်း ၇၆ ခန်းခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၄

# ၂၀၂၄ ခုနှစ်၊ ရေကြောင်းနှင့်လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ





လေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားနေမှုကိုတွေ့ရစဉ်။



မြိတ်သင်တန်းစခန်းမှ ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။



ကျိုင်းတုံသင်တန်းစခန်းမှ ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား နည်းပြများက လေ့ကျင့်သင်ကြားပေးနေမှုကိုတွေ့ရစဉ်။

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းဖွင့်ပွဲများကို ဧပြီလ ၂၂ ရက်တွင် သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်းစတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရန်ကုန်တိုင်းဒေသကြီးရှိ အင်းယားရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၃ ဦး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦးနှင့် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(ရေ) ရေကြောင်းလူငယ်သင်တန်းစခန်း ၁၀ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၁၈ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းများကို **နေပြည်တော်ကောင်စီနယ်မြေ**ရှိ နေပြည်တော်သင်တန်းစခန်းတွင် သင်တန်းသား ၇၀ ဦး၊ **မိတ္ထီလာမြို့**ရှိ မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ မိတ္ထီလာသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မန္တလေးမြို့**ရှိ မန္တလေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မြစ်ကြီးနားမြို့**ရှိ မြစ်ကြီးနားသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **တောင်ကြီးမြို့**ရှိ တောင်ကြီးသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **နမ့်စန်မြို့**ရှိ နမ့်စန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **ကျိုင်းတုံမြို့**ရှိ ကျိုင်းတုံသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **တောင်ငူမြို့**ရှိ တောင်ငူသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **ပြည်မြို့**ရှိ ပြည်သင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မကွေးမြို့**ရှိ မကွေးသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **ပုသိမ်မြို့**ရှိ ပုသိမ်သင်တန်းစခန်းမှ ၅၀ ဦး၊ **ရန်ကုန်မြို့**ရှိ ရန်ကုန်သင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မှော်ဘီမြို့**ရှိ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မြိတ်မြို့**ရှိ မြိတ်သင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **မော်လမြိုင်မြို့**ရှိ မော်လမြိုင်သင်တန်းစခန်းတွင် သင်တန်းသား ၅၀ ဦး၊ **ကိုကိုးကျွန်းမြို့**ရှိ ကိုကိုကျွန်းသင်တန်းစခန်းတွင် သင်တန်းသား ၃၀ ဦးတို့ကို သက်ဆိုင်ရာနယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြများက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်(လေ) လေကြောင်းလူငယ်သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၈၅၀ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများ လေ့ကျင့်သင်ကြားပို့ချနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၂၄

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၄) သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား



မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ပညာရှင်များ၊ အသင်းအဖွဲ့များမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မူပိုင်ခွင့်စနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ(၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၄) သို့ တင်ပြသည့်အမှာစာများကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးရဲတင့်၊ ဒေါက်တာအောင်ကြီး၊ ဦးရင်မောင်ညွှန့်၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မူပိုင်ခွင့်ဆိုင်ရာများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက် (မူကြမ်း) ကို အတည်ပြုသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အလုပ်သဘောခရီးစဉ်သွားရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၊ ဝန်ကြီး H.E. Mr. Wang Xiao Hong ၏ ဖိတ်ကြားချက်အရ ဧပြီလ ၂၄ ရက်မှ ၂၉ ရက်အထိ မြန်မာ-တရုတ် နှစ်နိုင်ငံ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံး ဒုတိယအကြီးအကဲ Ms. Cao Jing နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အလုပ်သဘောခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများ လိုက်ပါသွားကြောင်းသိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.CHUM Angvichet အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ရှိရင်းစွဲ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု အစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**



နေပြည်တော် ဧပြီ ၂၄

# နေပြည်တော်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဆည်တာတမံများ ရေဝေရေလဲ ကောင်းမွန်စေရေးနှင့် သောက်သုံးရေဖူလုံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဆည်တာတမံများရေဝေရေလဲ ကောင်းမွန်စေရေးနှင့် သောက်သုံးရေဖူလုံရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြို့ပြဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတွက် လိုအပ်မည့် ရေပေးဝေရေးဆိုင်ရာကိစ္စရပ်များကို ကြိုတင်မြော်တွေးပြီး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မြို့ပြ ရေပေးဝေရေးကို ရာသီမရွေးလုံလောက်အောင် ပေးဝေနိုင်ရေး၊ ကောင်းမွန်သန့်စင်သည့် ရေအရင်းအမြစ်များဖြစ်စေရေး၊ ရေကို လေလွင့်မှုမရှိစေရေးအတွက် စနစ်တကျသုံးစွဲရေး၊ မြို့တော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုက်ညီအောင် စီမံကိန်းများချမှတ်ပြီး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်အတွင်းရှိ ဆည်တာတမံများ၏ ရေဝေရေလဲဧရိယာများတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ဓမ္မတာမျိုးစပ်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ သစ်တောသစ်ပင်များပြုန်းတီးမှုမရှိစေရေးတို့ကို အစီအမံများဖြင့်ဆောင်ရွက်ကြစေလိုကြောင်း၊ ဆည်တာတမံများမှ စိုက်ပျိုးရေများပေးဝေရာတွင် စနစ်တကျရှိစေရေးနှင့် အလေအလွင့်မရှိစေရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ဒေသများတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေအရင်းအမြစ်အသစ်များ စူးစမ်းရှာဖွေဖော်ထုတ်၍ မြေအောက်ရေစက်ရေတွင်းများ တူးဖော်ပြီး ရေရရှိရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ဆည်ရေလှောင်တမံများ ရေရှည်တည်တံ့စေရေး၊ သဘာဝသစ်တောများ ပြုန်းတီးမှုလျှော့ချနိုင်ရေး၊ လျှပ်စစ်ဓာတ်အားများကို စနစ်တကျသုံးစွဲရေးတို့ကို အားလုံးကဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သောက်သုံးရေပေးဝေနေမှု၊ ဆည်တာတမံများ ရေဝေရေလဲဧရိယာများတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေပေးဝေနေမှု၊ နွေရာသီတွင် ရေရှားပါးသည့်ကျေးရွာများကိုရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြေအောက်ရေရရှိရေး တူးဖော်ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာဒေသများအလိုက် ဆည်မြောင်းတာတမံများ၏ အခြေအနေများ၊ ရေရရှိရေးဆောင်ရွက်မည့်အခြေအနေများ၊ ရေရှားပါးသည့်ကျေးရွာများ ရေပေးဝေခဲ့မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ကလိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

# AFC Futsal Asian Cup 2024

## ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကို ဆုကြေးငွေကျပ် သိန်း ၁၀၀၀ ချီးမြှင့်

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဦးအောင်ကိုဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်တို့က ဆုကြေးငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အုပ်စု(A)တွင် အိမ်ရှင် ထိုင်းအသင်း၊ တရုတ်အသင်း၊ ဗီယက်နမ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး အုပ်စုပွဲစဉ်များ ကစားခဲ့ရာတွင် ဗီယက်နမ်အသင်းနှင့် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အိမ်ရှင်ထိုင်းအသင်းနှင့်ပွဲစဉ်တွင် ငါးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ကာ နောက်ဆုံးပွဲစဉ်တွင် တရုတ်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အုပ်စုပွဲစဉ်သုံးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင် တစ်ပွဲသရေတစ်ပွဲရှုံး ရမှတ်လေးမှတ်ဖြင့် ဗီယက်နမ်အသင်းနှင့် ရမှတ်တူညီနေခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုတတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ခွင့်နှင့်လွဲချော်ခဲ့ရပြီး အုပ်စုမှပင်ထွက်ခွာခဲ့ရသည်။

မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် အုပ်စုအဆင့်မှထွက်ခွာခဲ့ရသော်လည်း အာရှအင်အားကြီးအသင်းများကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့ကာ ရလဒ်ကောင်းများ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော်လည်း ဂိုးကွာခြားချက်ကြောင့်သာ အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

AFC Futsal Asian Cup 2024 ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများကလည်း ဆုကြေးငွေကျပ် သိန်း ၁၀၀၀ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူအောင်

နေပြည်တော် ဧပြီ ၂၄

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များဖမ်းဆီးရမိ



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၈ ရက်မှ ဧပြီလ ၂၁ ရက်အထိ** နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၅၂ ဒသမ ၉၆၉၂) တန်၊ သစ်မာ (၁၆၄ ဒသမ ၂၅၀၈) တန်၊ အခြား (၄၂၀ ဒသမ ၄၃၃၂) တန်၊ စုစုပေါင်း (၆၃၇ ဒသမ ၆၅၃၂) တန်၊ ယာဉ်/ယန္တရား (၁၂) စီး၊ တရားခံ (၂၂) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၄-၄-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန်ဒီဂရီဆဲလ်စီးယက် | အမြင့်ဆုံးအပူချိန်ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ချောက် | ၄၆. ၂ | ၁၁၅. ၂ |
| ၂။ | မြင်းခြံ | ၄၅. ၂ | ၁၁၃. ၄ |
| ၃။ | မြင်းမူ | ၄၅. ၀ | ၁၁၃. ၀ |
| ၄။ | ဂန့်ဂေါ | ၄၄. ၆ | ၁၁၂. ၃ |
| ၅။ | ညောင်ဦး | ၄၄. ၅ | ၁၁၂. ၁ |
| ၆။ | မုံရွာ | ၄၄. ၃ | ၁၁၁. ၇ |
| ၇။ | ရွှေဘို | ၄၄. ၀ | ၁၁၁. ၂ |
| ၈။ | ဆင်ဖြူကျွန်း | ၄၃. ၉ | ၁၁၁. ၀ |
| ၉။ | တံတားဦး(လေကြောင်း မိုးလေဝသ) | ၄၃. ၅ | ၁၁၀. ၃ |
| ၁၀။ | ပခုက္ကူ | ၄၃. ၅ | ၁၁၀. ၃ |

# တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးက လူရည်ချွန်ညီအစ်ကိုမောင်နှမတွေနဲ့အတူ လေ့လာရေးခရီး ထွက်ရတဲ့အတွက်လည်း အတိုင်းမသိဝမ်းသာမိပါတယ်

မောင်စိုင်းရန်လင်းရွှေ(ကချင်ပြည်နယ်)

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ
ဖိုးပြည့်စုံ

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်အတွက် ရွေးချယ်ခံရသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ နဝမတန်းလူရည်ချွန် ၁၄၀၊ ဒသမတန်း လူရည်ချွန် ၁၄၀၊ ဧကာဒသမတန်းလူရည်ချွန် ၁၃၇ ဦး၊ ဒွါဒသမတန်းလူရည်ချွန် ၁၃၇ ဦး၊ စုစုပေါင်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၆၄ ဦးတို့သည် ပုဂံ၊ တောင်ကြီး၊ ငွေဆောင်နှင့် ချောင်းသာ လူရည်ချွန်စခန်းအသီးသီးသို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်နိုင်ရေးအတွက် နေပြည်တော်စုရပ်စခန်း၌ စုစည်းရောက်ရှိနေကြပြီး နေပြည်တော်ရှိ အထင်ကရနေရာများအား သွားရောက်လေ့လာလျက်ရှိကြသည်။

အဆိုပါ လူရည်ချွန် ကျောင်းသားကျောင်းသူများသည် ယနေ့တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် စေတီ၊ ပုထိုး၊ ဗုဒ္ဓရုပ်ပွားတော်များအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာ လက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။


ဒေါက်တာဦးကျော်လွင်


မောင်ဂျူးသက်ကို


မောင်စိုင်းရန်လင်းရွှေ


မထက်အံ့ရှား


မောင်ရန်နိုင်

**ဒေါက်တာဦးကျော်လွင်**
**(တာဝန်ခံ၊ နေပြည်တော် လူရည်ချွန်စုရပ်စခန်း)**

လူရည်ချွန် တွေဆိုတာက ဘက်စုံထူးချွန်တဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာလည်း တိုင်းပြည်အတွက် အားကိုးအားထားရတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် လူရည်ချွန်တွေကို ဒီနေ့ညနေက စပြီး နေပြည်တော်က မာရဝိဇယ ဘုရားကြီးနဲ့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ဖူးမြော်စေပြီး မနက်ဖြန်မှာဆိုရင် စစ်သမိုင်းပြတိုက်နဲ့ အမျိုးသားပြတိုက်တွေကို လေ့လာရေးပို့ဆောင်မှာဖြစ်ပါတယ်။ ၂၆ ရက်မှာတော့ နိုင်ငံတော်အကြီးအကဲရဲ့ ဩဝါဒခံယူပြီး ၂၇ ရက်မှာတော့ လူရည်ချွန် အပန်းဖြေစခန်း အသီးသီးကို သွားရောက်ကြမှာ ဖြစ်ပါတယ်။ အခုလို တစ်နိုင်ငံလုံးက လာရောက်ကြတဲ့ လူရည်ချွန်တွေကို အခုလိုစုစည်းပြီးတော့ တာဝန်ယူဆောင်ရွက် ပေးရတဲ့အတွက်ဝမ်းသာဂုဏ်ယူမိပါတယ်။

**မောင်ဂျူးသက်ကို**
**(ဧကာဒသမတန်း၊ လူရည်ချွန်နှစ်ထပ်ကွမ်း၊ မကွေးတိုင်းဒေသကြီး)**

လူရည်ချွန် ဖြစ်ဖို့ဆိုတာက ငယ်ငယ်ကတည်း ကျောင်းစာ ဘာသာရပ်တွေအပြင် အားကစားစတဲ့ ကဏ္ဍအလိုက် ကြိုးစားခဲ့ရတာပါ။ အခုလို ကြိုးစားခဲ့သမျှတွေ အမှန်တကယ် ဖြစ်လာခဲ့တဲ့ အတွက်လည်း အလွန်ကိုဝမ်းသာမိပါတယ်။ အရင်နှစ်ကလည်း ကျွန်တော်က လူရည်ချွန်ဖြစ်ခဲ့ပြီး တောင်ကြီးမြို့နဲ့ အင်းလေးဒေသဘက်တွေကို လေ့လာရေးသွားခဲ့ရပါတယ်။ အခုသွားရမယ့် ငွေဆောင်ခရီးမှာ ဆိုရင်လည်း အတွေ့အကြုံတွေ အများကြီး ရလိမ့်မယ်လို့ ထင်မြင်မိပါတယ်။ ညီလေး၊ ညီမလေးတွေအနေနဲ့လည်း လူရည်ချွန်ဖြစ်ဖို့ ကြိုးစားစေချင်ပါတယ်။ လူရည်ချွန် ဖြစ်မယ်ဆိုရင် ဘဝအတွက်အခွင့်အလမ်းတွေ အများကြီးရရှိမှာ ဖြစ်ပါတယ်။ နေပြည်တော်မှာလည်း အခုလိုအထင်ကရ နေရာတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ နေပြည်တော်မှာရှိတဲ့ ဘုရား၊ စေတီတော်မြတ်ကြီးတွေဟာ အလွန်ကို ခမ်းနားထည်ဝါပြီး ကြည်ညိုဖွယ်ရာ ကောင်းပါတယ်။ ဘုရားသမိုင်းတွေကို အသေးစိတ် လေ့လာခွင့်ရတဲ့အတွက် အကျိုးရှိတဲ့ လေ့လာရေးဖြစ်ခဲ့ပါတယ်။

**မောင်စိုင်းရန်လင်းရွှေ**
**(နဝမတန်း၊လူရည်ချွန် တစ်ထပ်ကွမ်း၊ ကချင်ပြည်နယ်)**

လူရည်ချွန် ဆိုတာက ကျွန်တော့်ဘဝမှာ အများကြီး မျှော်လင့်ကြိုးစား ထားခဲ့ရတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ လူရည်ချွန်တစ်ယောက် ဖြစ်ဖို့ဆိုတာ ကျောင်းစာတစ်ခုတည်း တော်နေရုံနဲ့ မရပါဘူး။ စိတ်ဓာတ်ပိုင်း၊ စာရိတ္တပိုင်း၊ ကာယပိုင်းနဲ့ အထွေထွေ ဗဟုသုတပိုင်းတွေမှာ ထူးချွန်ရပါမယ်။ အခုလက်တွေ့ လူရည်ချွန်ဖြစ်လာတဲ့ အပေါ်မှာလည်း လွန်စွာပျော်ရွှင်မိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူရည်ချွန်ညီအစ်ကို မောင်နှမတွေနဲ့အတူ လေ့လာရေးခရီးထွက်ရတဲ့ အတွက်လည်း အတိုင်းမသိ ဝမ်းသာမိပါတယ်။ ကျွန်တော့်အတွက် ဒေသန္တရ ဗဟုသုတ အသစ်တွေလည်း ရရှိခဲ့ပါတယ်။ ဒီနေ့တော့ နေပြည်တော်မှာရှိတဲ့ ခမ်းနားထည်ဝါသပ္ပာယ်လှတဲ့ဘုရား၊ စေတီတွေကို လူရည်ချွန်မောင်မယ်တွေနဲ့အတူတူ ဖူးမြော်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီကနေ သိရှိခဲ့ရတဲ့ အတွေ့အကြုံတွေကိုလည်း ကျွန်တော့်ဒေသရောက်ရင် ပြန်လည်မျှဝေပေးသွားမှာ ဖြစ်ပါတယ်။

**မထက်အံ့ရှား**
**(နဝမတန်း၊ လူရည်ချွန် တစ်ထပ်ကွမ်း၊ ကရင်ပြည်နယ်)**

ကျွန်မအနေနဲ့ ကရင်ပြည်နယ် ကိုယ်စားပြု လူရည်ချွန်အဖြစ် လေ့လာရေး လာရတဲ့အတွက် အလွန်ကို ဝမ်းသာဂုဏ်ယူမိပါတယ်။ လူရည်ချွန် ဆိုတာကလည်း အလွန်ကိုဖြစ်ချင်နေတဲ့ အိပ်မက်တစ်ခု ဖြစ်တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့ ကြိုးစားခဲ့ရတဲ့ ခရီးလမ်းဟာ တော်တော်ခက်ခဲ ခဲ့ပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့ ကျောင်းစာတင်မကဘဲ ဘက်စုံတော်အောင် ကြိုးစားခဲ့ရပါတယ်။ အခုလို လေ့လာရေးခရီးစဉ်တွေမှာလည်း ကျွန်မလိုလူရည်ချွန် မောင်မယ်တွေနဲ့ အတူတကွသွားရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ လူရည်ချွန် အချင်းချင်းလည်း အတွေ့အကြုံတွေ မျှဝေကြတဲ့ အတွက်လည်း ဗဟုသုတများစွာ ရရှိခဲ့ပါတယ်။ နေပြည်တော်မှာရှိတဲ့ လေ့လာစရာနေရာတွေ ဘုရားတွေကို လိုက်လံပို့ဆောင်ပေးတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။

**မောင်ရန်နိုင်**
**(ဒွါဒသမတန်း၊ လူရည်ချွန် သုံးထပ်ကွမ်း၊ ရှမ်းပြည်နယ်)**

အခုလို လူရည်ချွန် မောင်မယ်များနဲ့အတူ ကျွန်တော့် ပြည်နယ်ကိုယ်စားပြုလာရတဲ့ အတွက် အလွန်ကို ဂုဏ်ယူမိပါတယ်။ ကိုယ့်မြို့နယ်၊ ကျောင်းနဲ့ ပြည်နယ်အတွက်လည်း ဂုဏ်ဆောင်ပြီးသား ဖြစ်စေပါတယ်။ လူရည်ချွန် တစ်ယောက်ဖြစ်ဖို့ အတွက် မလွယ်ကူခဲ့ပါဘူး။ ဇွဲ၊ လုံ့လ၊ ဝီရိယ ပေါင်းစပ်ပြီး ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်က လူရည်ချွန် သုံးထပ်ကွမ်းဖြစ်တဲ့အတွက် နှစ်တိုင်းကို ခက်ခက်ခဲခဲ ကြိုးစားခဲ့ရပါတယ်။ ကျွန်တော်တို့လို လူရည်ချွန်တွေကို လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ဒီလိုလေ့လာရေး ခရီးစဉ်တွေကတစ်ဆင့် အတွေ့အကြုံအသစ်တွေ အများကြီး ရရှိလာမှာဖြစ်ပါတယ်။ အခုဆို နေပြည်တော်က ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးနဲ့ မာရဝိဇယ စေတီတော်မြတ်ကြီးကို ဖူးမြော်ရတဲ့ အတွက်လည်း ရင်ထဲမှာ အတော်လေး အေးချမ်းမှုကို ရရှိခဲ့ပါတယ်။ ■

---

ရန်ကုန် ဧပြီ ၂၄

## မူကြိုကျောင်းများမှ ဆရာ၊ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနနှင့် ဂျာမနီနိုင်ငံကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ရင်သွေးငယ်ကြက်ခြေနီ စီမံချက်ဝင် မူကြိုကျောင်းများမှ ဆရာ၊ ဆရာမများအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းကို ဧပြီလ ၂၃ ရက်က ရန်ကုန်မြို့ Central Hotel ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပြည့်အလုပ်အမှုဆောင် ပါမောက္ခဒေါက်တာ ဒေါ်ရီရီတင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မာလာဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မူကြိုနေ့ကလေးထိန်းကျောင်း ၁၅ ကျောင်းအတွက် ရှေးဦးပြုစုခြင်းဆေးအိတ်များကို ပါမောက္ခဒေါက်တာ ဒေါ်ရီရီတင်ကပေးအပ်ရာ မူကြိုနေ့ကလေးထိန်းကျောင်းများကိုယ်စား ပါမောက္ခဒေါက်တာဒေါ်မာလာဝင်းက လက်ခံရယူသည်။

အဆိုပါသင်တန်းကို မူကြိုအရွယ်ကလေးငယ်များအနေဖြင့် ငယ်ရွယ်စဉ်ကတည်းက ကြက်ခြေနီလူမှုကရုဏာဆိုင်ရာစိတ်ဓာတ်များ ကိန်းအောင်းလာစေရန်၊ ကြက်ခြေနီအခြေခံမူများနှင့် သိကောင်းစရာများကို စတင်သိရှိစေရန်၊ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများအပြင် မိဘ၊ အုပ်ထိန်းသူများမှ ပါဝင်အားဖြည့်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဧပြီလ ၂၃ ရက်မှ ၂၆ ရက်အထိဖြစ်ကြောင်းနှင့်သင်တန်းတွင် မူကြိုကျောင်းများမှ ဆရာ၊ ဆရာမ ၃၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**လင်းခန့်**

---

နေပြည်တော် ဧပြီ ၂၄

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(၅၀၀)**

တောင်ကြီး၊ လူမှုရေး

## ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကျင်းပ

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးကို ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က Heho Potato Company Limited ၏ အအေးခန်းသိုလှောင်ရုံတည်ဆောက်၍ မျိုးအာလူးနှင့် ချင်း(ဂျင်း)များ သိုလှောင်ဝန်ဆောင်မှုပေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ရန် အတည်ပြုမိန့်လျှောက်ထားတင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြသည်။

ထို့နောက် Heho Potato Company Limited မှ အတည်ပြုမိန့်လျှောက်ထားသည့် အအေးခန်းသိုလှောင်ရုံတည်ဆောက်၍ မျိုးအာလူးနှင့်ချင်း(ဂျင်း)များ သိုလှောင်ဝန်ဆောင်မှုပေးခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီတာဝန်ရှိသူများက အသီးသီးရှင်းလင်းတင်ပြကြကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၃ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခု ရင်းနှီးမြှုပ်မှု ပမာဏအမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၂ သန်းကို ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

စလင်း၊ လူမှုရေး

## လေဘေးသင့်ပြည်သူများအား ပံ့ပိုးငွေနှင့်ပစ္စည်းများပေးအပ်



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ဧပြီလ ၁၈ ရက် ည ၈ နာရီခွဲတွင် လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် ရွာမကောကျေးရွာ၊ ညောင်အင်းကျေးရွာ၊ မကျီးပင်ပုကျေးရွာ၊ ရွာမှတ်ကျေးရွာအုပ်စုတို့မှ လူနေအိမ်လေးလုံးပြိုကျပြီး ၂၅ လုံး အမိုးလန်ခဲ့သည့်အတွက် လေဘေးသင့်ပြည်သူများအား ဧပြီလ ၂၄ ရက် နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ပံ့ပိုးငွေနှင့်ပစ္စည်းများပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် လေဘေးသင့်အိမ်ထောင်စုများအား စလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်ဦးဆောင်၍ တာဝန်ရှိသူများက ပြိုကျပျက်စီးလေးအိမ်နှင့်အမိုးလန် ၂၅ အိမ် အမိုးလန်ပျက်စီးခဲ့သည့်အတွက် လေဘေးသင့်ပြည်သူများအိမ်ထောင်စုများမှ အသက် ၁၈ နှစ်အထက် အမျိုးသား ၆၃ ဦး၊ အမျိုးသမီး ၅၇ ဦး စုစုပေါင်းလူဦးရေ ၁၂၀ ဦးတို့အား အိမ်ဆောက်ပစ္စည်းဖိုးနှင့်ဆန်ရိက္ခာဖိုး စုစုပေါင်းငွေကျပ် ၁၄၀၂၀၀၀ ပြိုကျလူနေအိမ်လေးလုံးအတွက် ငွေကျပ် ၂၃၇၇၅၁ တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်း ၁၆ မျိုးပါပုံးတစ်ပုံးစီတို့အား လေဘေးသင့်ပြည်သူတို့၏ လက်ဝယ်အရောက် ပံ့ပိုးပေးအပ်ကြောင်း သိရသည်။ **မောင်လွင်(စလင်း)**

ဘားအံ၊ လူမှုရေး

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်

ကရင်ပြည်နယ် ဘားအံမြို့နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီလ ၂၃ ရက်တွင် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကိုလည်း ဘားအံမြို့နယ် သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးကို ရည်မှန်းချက်အဖြစ်ထားရှိပြီး နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များနှင့်အညီ လူမှုစီးပွားတိုးတက်မှုအထောက်အကူပြုလုပ်ငန်းစီမံကိန်းများကို ဦးစားပေးလျာထားပြီးဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေး ဘက်ပေါင်းစုံမှဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဝင်းက ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ရာတွင် ဌာနဆိုင်ရာများကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကလည်းကောင်း၊ နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်များ တာဝန်ပေးအပ်ရာတွင် ဌာနဆိုင်ရာများကိုယ်စား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူးကလည်းကောင်း၊ တိုက်နယ်အလိုက် အုပ်ချုပ်ရေးမှူးများသို့ စီမံကိန်းရည်မှန်းချက်တာဝန်များပေးအပ်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫

၂၅-၄-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

## လူငယ်အားသစ် ပြည်သူ့ရင်နှစ်

➢ မြန်မာ့ပင်လယ်
ပိုင်နက်နယ်တွင်း၊ စီးဆင်းလျက်ပေ
ရေပြင်ရေလှိုင်း၊ အဏ္ဏဝါစိုးမိုး
ပြည်သူ့ကျိုးတွက်၊ တိုး၍ရွက်ဆောင်
မျိုးဆက်သစ်မောင်မယ်၊ အားထားဖွယ်တည့်
ပင်လယ်ပြာရပ်၊ အနာဂတ်တွက်
မြင့်မြတ်ဌာနီ၊ မြန်မာပြည်တွက်
ကိုယ်စီအားဖြည့် ဆောင်ရွက်သင့်ကြပြီ။
➢ ရေမိုင် "၁၂၆၀"
ရှည်လျားသွယ်တန်း၊ ကမ်းရိုးတန်းနှင့်
ကျွန်းပေါင်း "၁၄၀၀" ကျော်၊ ပုံဖော်နှင်းအပ်
ပြည့်ဂုဏ်ဒြပ်ကား၊ ထူးမြတ်လှစွာ
သယံဇာတ၊ ပေါကြွယ်ဝစွာ
မိဘဘိုးဘေး၊ ပေးထားခဲ့ရာ
မဟာအမွေ၊ ဖွံ့ဖြိုးစေဖို့
မျှဝေထိန်းသိမ်း စောင့်ရှောက်သင့်ကြပြီ။
➢ ယနေ့လူငယ်၊ နောင်ဝယ်လူကြီး
ခရီးတစ်ထောက်၊ ထိုးဖောက်ရှေ့ဆီ
တိုင်းပြည်အတွက်၊ အားမာန်တက်ကြွ
လင်းလက်ကြယ်ပွင့်၊ ငွေကြယ်ပွင့်တွေ
ထွန်းသစ်ဝေဖြိုး၊ ရေမျိုးဆက်တွေ
မျက်ခြည်မပြတ်၊ အနာဂတ်စီးပွား
အကျိုးများတည်၊ ပင်လယ်ဆီမှ
နိုင်ငံတကာလှမ်း၊ ရင်ပေါင်တန်းလျက်
ကြိုးပမ်းဆောင်ရွက် သင့်ကြပြီ။
➢ စိတ်ဓာတ်စည်းကမ်း၊ ကိုယ်စီထမ်းလျက်
ကိုယ်လက်ကြံ့ခိုင်၊ ဇွဲမဏ္ဍိုင်စိုက်
မယိုင်မလဲ၊ မလျော့ဇွဲနှင့်
ရင်ထဲစွဲနှစ်၊ မျိုးချစ်စိတ်တွေ
ရေကြောင်းပညာ၊ လေ့လာမှုတွေ
ဉာဏ်ရည်ထက်မြက်၊ ထမ်းရွက်ပြည်ကျိုး
ဆတက်တိုး၍၊ သယ်ပိုးကာလေ
လူငယ်တွေကား၊ တိုင်းပြည်အားသစ်
ပြည်သူချစ်သည့် ပြည်သူ့ရင်နှစ်
များပေတည်း။ ။

**ပုသိမ်မောင်သောင်းယဉ်**

နေပြည်တော် ဧပြီ ၂၄

# နတ်မောက်မြို့တွင် လမ်းသွားလမ်းလာများနှင့် ဒေသခံပြည်သူများကို နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးပြီး စစ်မှုထမ်းဆောင်ရန် ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နှင့် မြို့သစ်မြို့အကြားရှိ လမ်းဆုံတွင် လမ်းသွားလမ်းလာ လူငယ် ၂၀ ခန့်ကို ဧပြီလ ၂၃ ရက်နေ့က အကြောင်းမဲ့တားဆီးစစ်ဆေးပြီး စစ်မှုထမ်းဆောင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ကွင်းကြီးကျေးရွာ၊ အောင်သာကျေးရွာ၊ သီးချောင်းကျေးရွာနှင့် ထနောင်ကုန်းကျေးရွာတို့မှ လူငယ်များကို နေအိမ်ထဲထိဝင်ရောက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းသွားလမ်းလာများနှင့် ဒေသခံလူငယ်များကို စစ်မှုထမ်းဆောင်ရန်ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရှိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ရွာများတွင် အကြမ်းဖက်သမားများ ဝင်ရောက်ခိုလှုံမှုမရှိစေရန်နှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် ရပ်ရွာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ လုံခြုံရေးအရ စစ်ဆေးဆောင်ရွက်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်။




ထိုသို့ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် စိုးရိမ်ထိတ်လန့်စေရန်အတွက်လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နိုင်ငံသူနိုင်ငံသားများစစ်ပညာတတ်ကျွမ်းနားလည်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ကြမည်ကို အကြမ်းဖက်သမားများနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက ကြောက်ရွံ့ထိတ်လန့်နေသည့်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)

## ကြေညာချက်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် **(အခမဲ့) ပေးပို့နိုင်ပါကြောင်း** ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

ရန်ကုန် ဧပြီ ၂၄

# ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၅၂ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတည်ပြု

ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၅၂ ဦးအတွက် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ကျင်းပရာ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ရင်းနှီးမြှုပ်နှံမှုငါးခုကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုမှာ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုတို့ဖြစ်ပြီး အတည်ပြုပေးခဲ့သည့်လုပ်ငန်းများမှာ ပဲအမျိုးမျိုး၊ နှမ်းနှင့်ပြောင်းကြိတ်ခွဲ သန့်စင်ထုတ်ပိုး၍ ၁၀၀ ရာခိုင်နှုန်း ပြည်ပတင်ပို့ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် စက္ကူအိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် သတို့သမီးဝတ်စုံများချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ မြန်မာငွေကျပ် ၄၀၀၀ ဒသမ ၀၀၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၀၃ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၉၅၂ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ယနေ့အစည်းအဝေးတွင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီငါးခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။ **ဝန်းရံခ**

ကျောက်ဆည် ဧပြီ ၂၄

# ပဲကြီးစိုက်တောင်သူများ တစ်ဧက အကျိုးအမြတ်ငွေကျပ်သုံးသိန်းကျော်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲကြီးကိုလည်း စိုက်ပျိုးကြကြောင်း၊ ပဲကြီးစိုက်တောင်သူများအနေဖြင့် တစ်ဧကလျှင် အကျိုးအမြတ် ငွေကျပ်သုံးသိန်းကျော်ရရှိကြောင်း သိရသည်။

ကျောက်ဆည်ခရိုင်အတွင်း ပဲကြီးစိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၁၉၅ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၂၄၀ စုစုပေါင်း ၁၄၃၅ ဧက စိုက်ပျိုးထားရှိပြီး မတ်လ တတိယပတ်တွင် စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏စာရင်းများအရ သိရသည်။

ပဲကြီးစိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၁၃ တင်းခန့်ထွက်ရှိသည်။ ဈေးနှုန်းအနေဖြင့် လက်ရှိအချိန်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၆၈၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၃၈၄၀၀၀ ခန့်ရရှိကြောင်း ပဲကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**ဇော်မျိုး(မြဝတီ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပုဂံဒေသရှိ ရှေးဟောင်းရေအရင်းအမြစ်ဆိုင်ရာရေကန်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းကြပါစို့

ပုဂံဒေသသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင်တည်ရှိပြီး ရွှေစည်းခုံဘုရား၊ လောကနန္ဒာဘုရား၊ တုရင်တောင်ဘုရား၊ တန့်ကြည့်တောင်ဘုရား စွယ်တော်လေးဆူအတွင်းတွင် ရှေးဟောင်းဘုရား စေတီပေါင်း သုံးထောင်ကျော် တစုတဝေးတည်း တည်ရှိနေသည့် မြန်မာတို့၏ အသည်းနှလုံးသဖွယ် ဖြစ်တည်နေသော ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခု ဖြစ်ပေသည်။ အေဒီ ၁၁ ရာစုမှ အေဒီ ၁၃ ရာစုထိ ထွန်းကားခဲ့သော ပုဂံခေတ်၏ ဗိသုကာလက်ရာများ၊ နံရံပန်းချီများ၊ အင်္ဂတေပန်းစသည့်အနုပညာဖန်တီးမှု စိတ်ကူးစိတ်သန်း တီထွင်မှုများသည် လာရောက်လေ့လာကြည့်ရှုကြသည့် ဧည့်သည်တို့၏ရင်ထဲတွင် အံ့မခန်း ရင်သပ်ရှုမောဖွယ် ထင်ကျန်ရစ်ခဲ့ကြစမြဲပင် ဖြစ်သည်။ ပုဂံခေတ်မတိုင်မီက ထွန်းကားခဲ့သော ပျူခေတ်ဗိသုကာလက်ရာများ၊ မွန်အနုပညာလက်ရာများ၊ သီဟိုဠ်နှင့် အိန္ဒိယတို့မှ အနုပညာလက်ရာတို့ကို လေ့လာပြီး ပုဂံခေတ်ဗိသုကာ အနုပညာလက်ရာကို ကိုယ်ပိုင်တီထွင်ပုံဖော်နိုင်ခဲ့ကြပေသည်။ ထို့ကြောင့်လည်း ပုဂံဒေသသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၆ ရက် UNESCO ၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းဝေးတွင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်လာခဲ့သည်။

ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဒေသအဖြစ်သတ်မှတ်ခြင်းနှင့်အတူ ဆောင်ရွက်ရမည့်အကြံပြုချက် ၁၉ ချက်ကိုလည်း တစ်ပါတည်း ကမ္ဘာ့အမွေအနှစ်ကော်မတီက ချမှတ်ခဲ့သည်။ ယင်းအကြံပြုချက်များထဲတွင် ပုဂံခေတ်ရေအရင်းအမြစ်များ၊ ရှေးဟောင်းရေကန်များနှင့် မူလရေလမ်းကြောင်းများအား သုတေသနပြုပြန်လည်ဖော်ထုတ် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လည်းပါရှိသည်။

ပုဂံခေတ်၏ ရေစီမံခန့်ခွဲအသုံးချမှုကို လေ့လာရာတွင် ပုဂံမြို့သည် ဧရာဝတီမြစ်၏ ဘေးကပ်လျက်ရှိသော်လည်း ရေကို ပုဂံမြို့၏ အရှေ့တောင်ဘက် ၆ မိုင်ခန့်အကွာရှိ တုရင်တောင်ခြေရင်းမှ မြကန်တွင် ရေသိုလှောင်၍ ၎င်းမှတစ်ဆင့် ရေကိုအသုံးပြုခဲ့ကြသည်။ တုရင်တောင်နှင့် ပုပ္ပါးတောင်တို့မှ စီးဆင်းလာသောရေများနှင့် ၎င်းအနီးရှိချောင်းတို့မှ စီးဆင်းလာသောရေတို့ကို မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ဆည်တာပေါင်ဖို့၍ ရေစုဆောင်းခဲ့ကြပြီး ၎င်းမှတစ်ဆင့် ပုဂံမြို့ဟောင်းကန်အတွင်းသို့ ရေစစ်ကန်၊ ရေစုကန် အဆင့်ဆင့်ဖြင့် သွယ်တန်းသုံးစွဲခဲ့ကြသည်ကို လေ့လာတွေ့ရှိရသည်။

ယနေ့အချိန်ထိ ထင်ရှားစွာတွေ့ရှိရသော ရေလမ်းကြောင်းမှာ မြကန်မှတစ်ဆင့် အလံပုဂံ (အလံပြကန်)၊ အလယ်ကန်(မရိုးကန်)၊ လေးမျက်နှာကန်၊ ညောင်လက်ဖက်ကန် (ညွန်လက်တစ်ဖက်ကန်)၊ ရွှေထီးကန်တို့မှတစ်ဆင့် ပုဂံမြို့ဟောင်းကန်အတွင်းသို့ ရေသွယ်ယူသုံးစွဲခဲ့ကြသည်။ မြကန်သည် ပုဂံမြို့ဟောင်းကျုံးမှ အထက်အမြင့်ပေ ၂၅၀ ကျော်တွင် တည်ရှိသည့်အတွက် ရေကိုကောင်းစွာစီးဆင်းသွယ်တန်းနိုင်ပေသည်။ ရေသွယ်ယူရာ၊ စီးဆင်းရာ ရေလမ်းကြောင်းများရှိ ပအိန်းကန်၊ ချောင်းထိပ်ကန်၊ ဇေယျသွပ်ကန်၊ ဘုရားကြီးကန်၊ မင်္ဂလာကန် (၃)၊ မင်္ဂလာကန်(၂)၊ သမထီးကန်၊ ချိုးကန်၊ သူဌေးကန်၊ ကုသိနာရုံကန်၊ ကန်သစ်ကန်၊ ကြပ်ကန်၊ မြင်းကပါအင်းနှင့် ဝက်ကြီးအင်းသည်လည်း ထင်ရှားသည့်ရေကန်များ ဖြစ်ကြသည်။

ပုဂံခေတ်က ရေကန်များတူးဖော်ခြင်းနှင့်ပတ်သက်၍ မြကန်ကျောက်စာ၊ အလံပုဂံကျောက်စာ၊ နရသီဟပတေ့မင်း၏ အရီးဖွားစောကျောက်စာ၊ မဟာသေနာပတိ အနန္တသူရမောင်နှံကျောက်စာ စသည်တို့တွင် ရေးသားထားသည့် အထောက်အထားများ တွေ့ရှိရသည်။ မြကန်ကျောက်စာတွင်-

**“ငတ်မွတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝပေါများခြင်းအကျိုးငှာ ရေမရှိသော လယ်မြေမရှိသော ထွန်ယက်စိုက်ပျိုးခြင်းမရှိသော အရပ်တိုင်း၌၊ အတို့သခင်အရှင်တရားမင်းသည် ရေကိုမြဲမြံစွာ ဆည်စေ၏ ရေကန်ကိုတူးစေ၏ စိုက်ပျိုးရန် လယ်မြေကိုဖြစ်စေ၏ ထိုအခါ ဗုဒ္ဓဘုရားသခင်ထံမှ ဗျာဒိတ်ရသောဆင်ဖြူကို ယာဉ်ပြုထသော မြတ်သော အရှင်ဂြိုဟ်ကြိ ဘုဝနာ ဒိတျာဓမ္မရာဇာ မိရာဇ စကြာဝတေးမင်းဖြစ်သော သဗ္ဗညုတဉာဏ်ကို ဆုတောင်းသော ဘုရားလောင်းသည် [၁၀]၌ ရေကန်ကို တရားပြီးလျှင် ကျေးငှက်နှင့် လူသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ မဟာနိဗ္ဗာန်လက်တွေ့ခံရေဟုရသော အမည်ကို ပေးတော်မူ၏ [သု] လူအပေါင်းတို့သည် သိကြကုန်လော့”**ဟု ရေးသားမှတ်တမ်းတင်ခဲ့သည်ကို လေ့လာတွေ့ရှိရပေသည်။

မဟာသေနာပတိ အနန္တမောင်နှံကျောက်စာ (သက္ကရာဇ် ၅၈၅ ခု (၅၇၄ ခု)) တွင်လည်းကောင်း၊ နရသီဟပတေ့မင်း၏ အရီးစောမိဖွား ကျောက်စာ (သက္ကရာဇ် ၆၃၇) တွင်လည်းကောင်း၊ ဝပေသူကြီးကျောက်စာ(သက္ကရာဇ် ၇၄၃ ခု)တွင်လည်းကောင်း ကန်တူးခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ကျောက်စာအထောက်အထားများတွင် တွေ့ရှိရသည်။

မြကန်မှရေကို ပုဂံမြို့ဟောင်းသို့ သွယ်တန်းသုံးစွဲခြင်းဖြင့် ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများ၏ သောက်သုံးရေ၊ စိုက်ပျိုးရေးနှင့် အဆောက်အအုံများ၊ ဘုရားပုထိုးစေတီများတည်ဆောက်ကြသည့်အခါများတွင် အသုံးပြုရန်ရည်ရွယ်၍ ဤကဲ့သို့ ရေအသုံးချမှုကို စီမံခန့်ခွဲခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ဤသည်မှာ ပုဂံခေတ်၏ ရေကိုကောင်းစွာစီမံခန့်ခွဲမှုကိုထင်ဟပ်စေသည်။ ပုဂံဒေသ၏ မြေအမျိုးအစားသည် သဲဆန်သောမြေဖြစ်သဖြင့် ရေစီးဆင်းမှုနှင့်အတူ သဲနုန်းများပါဝင်လာလေ့ရှိသဖြင့် ရေစုကန်၊ ရေစစ်ကန်များကို ရေစီးကြောင်းတစ်လျှောက်တွင်ထား၍ အဆင့်ဆင့်ရေကိုသန့်စင်ပြီး သွယ်တန်းရယူအသုံးပြုခဲ့ကြပေသည်။ ရေကန်များအတွင်းရှိ သဲနုန်းများအနည်ကျ၍ ရေကန်တိမ်ကောမသွားစေရန်လည်း ဒေသခံပြည်သူတို့က နှစ်စဉ် ကန်ဆယ်သန့်စင်ခြင်းပြုလုပ်ခဲ့ကြသည့် အစဉ်အလာသည် ယနေ့တိုင် ပုဂံဒေသ၏ဓလေ့တစ်ခုအနေဖြင့် ကန်ဆယ်ခြင်းဆောင်ရွက်လေ့ရှိသည်ကို တွေ့ရှိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပုဂံခေတ်ရေစီမံခန့်ခွဲမှု သုတေသနလုပ်ငန်းကို ၂၀၁၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၈၊ ၂၀၁၉ ခုနှစ်တို့တွင် ကနေဒါနိုင်ငံ Trent University မှ ပညာရှင်များနှင့်ပူးပေါင်း၍ တုရင်တောင်အနီး ကတက်ကန်နှင့် နတ်ရေကန်တို့တွင် ရေစီမံခန့်ခွဲမှု တူးဖော်သုတေသနပြုလုပ်ငန်း ဆောင်ရွက်ခဲ့သည်။ အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof; Dr. Massimo Sarti နှင့်လည်း ပူးပေါင်း၍ ၂၀၁၉ ခုနှစ်မှ ယနေ့ထိ ရှေးခေတ်ရေလမ်းကြောင်းများကို ပြန်လည်ဖော်ထုတ်သုတေသနပြုလေ့လာလျက်ရှိကြသည်။ ဤသို့ ပုဂံခေတ်ရေစီမံခန့်ခွဲမှုစနစ်နှင့်ပတ်သက်၍လည်း ကမ္ဘာ့အမွေအနှစ်ကော်မတီထံသို့လည်း ၂၀၁၉ ခုနှစ်က ပေးပို့တင်ပြခဲ့သည်။



ပုဂံဒေသတွင် ၂၀၂၁ ခုနှစ်တွင် မိုးရေချိန် လက်မ ၁၇ ဒသမ ၄၀ အထိ ရွာသွန်းခဲ့သဖြင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ကြောင့် မိုးရေချိန်လက်မ ၁၇ ဒသမ ၄၅ ထိ ရွာသွန်းခဲ့သဖြင့် ရှေးဟောင်းအဆောက်အအုံများတွင် မိုးရေများဝင်ရောက်မှုကြောင့် ရှေးဟောင်းအဆောက်အအုံ ၅၉ ဆူ ထိခိုက်မှုဖြစ်ခဲ့သည်။ ဤကဲ့သို့ ဖြစ်ပေါ်ရခြင်းမှာ မြေအောက်ရေနှင့် ဧရာဝတီမြစ်ရေကို အဓိကအသုံးပြုလာကြပြီး ရေကန်များမှာ အသုံးပြုမှုအားနည်းလာခြင်းကြောင့် မူလရေစီးလမ်းကြောင်းနှင့် ရေကန်များမှာ အနည်များပို့ချလာခြင်း၊ ရေစီးလမ်းကြောင်းများတွင် လူနေအိမ်များတိုးချဲ့လာခြင်း၊ သီးနှံစိုက်ပျိုးမှုများ၊ ရေစီးလမ်းကြောင်းများကိုဖြတ်၍ မော်တော်ကားလမ်းများဖောက်လုပ်ခြင်းစသည့်ဆောင်ရွက်မှုများကြောင့် မိုးများသည့်နှစ်များတွင် မိုးရေစီးဆင်းရန် ရေလမ်းကြောင်းများ ပျက်စီးသဖြင့် မြေနိမ့်သည့်နေရာများ၊ လမ်းများနှင့် ရှေးဟောင်းအဆောက်အအုံများအတွင်းသို့ ရေများဝင်ရောက်၍ ရေကြီးရေလျှံ၊ ရေဝပ်ခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏ မေလ ၁၅ ရက်မှ ၁၆ ရက်အထိ ပုဂံဒေသခရီးစဉ်အတွင်း “ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စသည့် ဌာနများပါဝင်သောအဖွဲ့ကို ဖွဲ့စည်း၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်” လမ်းညွှန်မှာကြားခဲ့သည်။

ယခုနှစ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရေကန်များ၊ ရှေးခေတ်ရေလမ်းကြောင်းများကို မြေပြင်ကွင်းဆင်းသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကောင်းကင်မှတ်တမ်းများ (Aerial Photo)၊ Drone မှတ်တမ်းဓာတ်ပုံများဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ ရေကန် ၁၀၆ ကန်ကို အသေးစိတ်မှတ်တမ်း (Detail Assessment Survey) တင်နိုင်ခဲ့သည်။ ကွင်းဆင်းကောက်ယူရရှိသည့်စာရင်းအရ ၁၀ ဧကနှင့်အထက် ရေကန် ၅ ကန်၊ ၁၀ ဧကနှင့် ၅ ဧက ကြားရှိ ရေကန် ၆ ကန်နှင့် ၅ ဧကအောက် ရေကန် ၉၅ ကန်တို့ဖြစ်သည်။

ရှေးခေတ်ရေကန်များ၊ ရေလမ်းကြောင်းများ၊ ရေလာရိုးများ ပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof;Dr.Massimo Sarti ၏ အကြံပြုချက်များနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝအမွေအနှစ်ကိုလည်းကောင်း၊ မြေဆီလွှာကိုလည်းကောင်း မထိခိုက်စေဘဲ ကမ္ဘာ့အမွေအနှစ်ဒေသများ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်(Heritage Impact Assessment, HIA) ဆောင်ရွက်ခြင်း၊ မူလရေကန်၏ စစ်မှန်မှု၊ သွင်ပြင်လက္ခဏာ(Authenticity and Integrity) မပျက်မယွင်းစေခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာအထောက်အထားများကို ထိခိုက်မှုမရှိစေခြင်း၊ သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနတန်ဖိုး မပျောက်ပျက်စေခြင်း၊ မြေလွှာဆန်းစစ်ချက်ဆောင်ရွက်ခြင်း၊ ရေထိန်းနိုင်သော မြေလွှာထိခိုက်မှု ရှိ၊ မရှိ စမ်းသပ်တူးဖော်ခြင်း(Test Pit Excavation) ဆောင်ရွက်သွားရမည်ဖြစ်သည်။

ရှေးခေတ်ရေလမ်းကြောင်းများ၊ ရေကန်များကို ပြန်လည်ဖော်ထုတ်ရာတွင် အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof; Dr. Massimo Sarti ၏ အကြံပြုချက်များအနက် ပုဂံဒေသအတွက် ရေတွင်း၊ ရေကန်၊ ချောင်း၊ အင်း စသည်တို့နှင့်ပတ်သက်၍ အသုံးချမှုအလိုက် အဆင့် Grading (Identified) ခွဲခြားရန်၊ အသေးစိတ်လေ့လာဆန်းစစ်မှု (Detail Assessment) ထပ်မံပြုလုပ်ရန်၊ လေ့လာဆန်းစစ်မှုပြုလုပ်ရာတွင် ရေဝင်၊ ရေထွက်လမ်းကြောင်းများပါသော မြေပုံရေးဆွဲခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသနှင့် ကြားခံဒေသတို့အတွင်းရှိ သဘာဝရေကန်၊ ဆည်၊ ချောင်းများ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ပုဂံဒေသ၏ မြေမျက်နှာသွင်ပြင်အနေအထားကို ဖော်ပြသည့် Topographic Map (0.25 Meter Interval) ရေးဆွဲခြင်းလုပ်ငန်းများကို ဦးစားပေးအပိုင်းလိုက် တိုင်းတာပြုစုရန် စသည့်အကြံပြုချက်များကို ရေကြီးရေလျှံဖြစ်ပွားခဲ့သည့်နေရာများ၊ ဘုရားများတွင် ဦးစားပေးအလိုက် ခွဲခြားဆောင်ရွက်လျက်ရှိသည်။

**စာမျက်နှာ ၁၂ သို့ ➤**

➤ စာမျက်နှာ ၁၁ မှအဆက်

ယင်းသို့ဆောင်ရွက်ရာတွင် ယဉ်ကျေးမှုအမွေအနှစ်ကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း၊ မြေဆီလွှာကိုလည်းကောင်း မထိခိုက်စေဘဲ ကမ္ဘာ့အမွေအနှစ်ဒေသများတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်(Heritage Impact Assessment, HIA) လုပ်ငန်းကိုလည်း ညွှန်ကြားရေးမှူးအဆင့် ဦးဆောင်သော အဖွဲ့လေးဖွဲ့ခွဲ၍လည်း ဆောင်ရွက်လျက်ရှိသည်။ မူလရေကန်၏ စစ်မှန်မှု၊ သွင်ပြင်လက္ခဏာ (Authenticity and Integrity)မပျက်ယွင်းစေခြင်း၊ ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများကို မပျောက်ပျက်စေခြင်း၊ မြေလွှာဆန်းစစ်ဆောင်ရွက်ခြင်း၊ ရေထိန်းနိုင်သောမြေလွှာထိခိုက်မှု ရှိ၊ မရှိ စမ်းသပ်တူးဖော်ခြင်း(Test Pit)တို့လည်း တစ်ပါတည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စနစ်တကျရှေးခေတ်ရေလမ်းကြောင်းများ ပြန်လည်ဖော်ထုတ်ခြင်း(ကန်ဆယ်ခြင်း)ကြောင့် ပုဂံဒေသတွင် ရှေးဟောင်းအဆောက်အအုံများအနီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ဘုရားတံတိုင်းအတွင်း ရေဝင်ရောက်မှုများကိုလည်း လျော့ချစေနိုင်မည်ဖြစ်ပေသည်။ ဤကဲ့သို့ ပြန်လည်ဖော်ထုတ်ရာတွင် ဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြည်တွင်း၊ ပြည်ပက ပညာရှင်များ၏အကြံဉာဏ်ရယူ၍ နားလည်တတ်ကျွမ်းသည့် ဌာနများ၊ ဒေသခံများ၊ ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိပေသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်တာဝန်ရှိသူများသည် Hydrological Expert Prof; Dr. Massimo Sarti နှင့် ရန်ကုန်မြို့တွင် မတ်လ ၉ ရက်က ပွင့်ပွင့်လင်းလင်းရင်းရင်းနှီးနှီး ဆွေးနွေးတွေ့ဆုံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပညာရှင်၏ရေလမ်းကြောင်းဆိုင်ရာ အကြံပြုချက်များနှင့်အညီ အမွေအနှစ်ထိခိုက်မှုမရှိစေဘဲ ရေလမ်းကြောင်းများပြန်လည်ဖော်ထုတ်ခြင်း၊ ကန်ဆယ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ပုဂံဒေသသို့ သွားရောက်၍ အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof; Dr. Massimo Sarti နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနပညာဌာန(ရန်ကုန်)နှင့် ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် မတ်လ ၁၄ ရက်က နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးခဲ့ကြပြီး ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



ဤကဲ့သို့ ရှေးဟောင်းရေကန်များကို ပြန်လည်ဖော်ထုတ်ခြင်းဖြင့် ရေစီးရေလာကောင်းမွန်လာခြင်း၊ ရေကြီးသည့်အခါများတွင် ရှေးဟောင်းအဆောက်အအုံများတွင် ရေကြီးရေလျှံမှုလျော့နည်း၍ထိခိုက်ပျက်စီးမှုကိုကာကွယ်နိုင်ခြင်း၊ ကျေးငှက်၊ တိရစ္ဆာန်နှင့် လူတို့ သောက်ရေ၊ သုံးရေပိုမိုရရှိလာပြီး ဒေသ၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုလည်း ပိုမိုကောင်းမွန်လာစေပြီး ပူပြင်းသည့်ဒေသ၏ ရာသီဥတုဒဏ်၊ ရေရှားပါးပြတ်လပ်သည့် သဘာဝဘေးဒဏ်များကိုလည်း တစ်ဖက်တစ်လမ်းမှလျော့ချ၍ အထောက်အကူလည်းဖြစ်စေနိုင်သည်။

ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်ဒေသဖြစ်သည်နှင့်အညီ အမွေအနှစ်များဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်းများဆောင်ရွက်သည့်အခါ ကမ္ဘာ့အမွေအနှစ် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရသည်။ ရှေးဟောင်းရေကန်များနှင့် ရှေးခေတ်ရေလမ်းကြောင်းများ ပြန်လည်ဖော်ထုတ်သည့်အခါ တစ်ဦးတစ်ယောက်တည်း၊ တစ်ဌာနတည်းက ဆောင်ရွက်၍မရပါ။ ယခုကဲ့သို့ ပုဂံဒေသ၏ အမွေအနှစ်များဖြစ်သည့် ရှေးဟောင်းရေကန်များ ပြန်လည်ဖော်ထုတ်သည့်အခါ ပြည်တွင်း၊ ပြည်ပမှပညာရှင်များနှင့်ပူးပေါင်းခြင်း၊ ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားရမည်ဖြစ်သည်။

အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof; Dr. Massimo Sarti သည် မတ်လ ၁၀ ရက်မှ ၁၅ ရက်ထိ ပုဂံဒေသသို့လာရောက်၍ ရေလမ်းကြောင်းတူးဖော်ထိန်းသိမ်းခြင်း၊ ရေကန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ကွင်းဆင်းအကြံပြုသည်။ ၎င်းပညာရှင်နှင့်နည်းပညာပိုင်းဆိုင်ရာဆွေးနွေးခြင်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနပညာဌာန(ရန်ကုန်)၊ ညောင်ဦးခရိုင်အဆင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် မတ်လ ၁၄ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေးဟောင်းရေကန်များ ပြန်လည်ဖော်ထုတ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြေလွှာစမ်းသပ်သုတေသနပြုခြင်း(Test Pit)၊ ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက် (Heritage Impact Assessment, HIA)၊ မြေပြင်အနေအထားပြမြေပုံ (Topographic Map)၊ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ ပုဂံဒေသတစ်ခုလုံးအတွက် ဘူမိဗေဒမြေပုံ၊ အီတလီနိုင်ငံ University of Marche မှ ရှေးခေတ်ရေစီမံခန့်ခွဲမှု ကျွမ်းကျင်ပညာရှင် Prof; Dr. Massimo Sarti ၏ အကြံပြုချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ရေကန်များ ပြန်လည်ဖော်ထုတ် ပြုပြင်ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ယဉ်ကျေးမှုအမွေအနှစ်ထိခိုက်နိုင်မှုဆန်းစစ်ချက်(Heritage Impact Assessment, HIA) လုပ်ငန်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးလေးဦးက ဦးဆောင်၍ အဖွဲ့လေးဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရေကန်များတူးဖော်ပြုပြင်ခြင်း မဆောင်ရွက်မီ မြေလွှာစမ်းသပ်သုတေသန (Test pit)ပြုလုပ်၍ ရေထိန်းသိမ်းနိုင်သည့် သဘာဝရေနေအလွှာထိခိုက်မှုမရှိစေရေး ကြိုတင်သုတေသနလုပ်ငန်း ဆောင်ရွက်သည်။ ရေဝင်လမ်းကြောင်းနှင့်ရေကန်၏ မြေမျက်နှာသွင်ပြင်အနေအထားသိရှိနိုင်ရန်အတွက် မြေပြင်အနေအထားပြမြေပုံ (Topographic Map) ရေးဆွဲဆောင်ရွက်ပြီးမှသာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် အလံပုဂံကန်(အလံပြကန်)၊ အလယ်ကန်(မရိုးကန်)နှင့် ညောင်လက်ဖက်ကန် (ညွန့်လက်တစ်ဖက်ကန်)တို့ကို ကန်ပေါင်မြှင့်တင်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ရေခေါ်မြောင်းပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဆုတောင်းပြည့်ရေစုကန်၊ ဇီးပင်ကန်နှင့် သဲစစ်ကန် (မင်းနန်သူ) တို့တွင် ကန်ဆယ်ခြင်း၊ ကန်အတွင်းရှိ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ကန်ပေါင်မြှင့်တင်ခြင်းနှင့် ရေခေါ်လမ်းကြောင်းများ၊ ရေလာရိုးများနှင့် ချိတ်ဆက်ခြင်း၊ Topographic Map ရေးဆွဲခြင်းလုပ်ငန်းများကိုလည်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖျောက်ဆိပ်ပင်ကန် ၁၊ ၂၊ ၃၊ ဖိုးသူတော်ကန် (စူဠာမဏိကန်)နှင့် မြောက်တဝက်ကန်တို့ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မနူကန်၊ မရွဲကန်၊ ငှက်ပစ်တောင်ကန်၊ တောင်ကျောင်းကန် (တောရကျောင်းကန်)၊ ကန်သစ်ကန် (ပြာသာဒ်ကန်)နှင့် မြေဘုံသာဘုရားလှကန် တို့ကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ဝက်ကြီးအင်းကန်၊ ချိုးကန်၊ မင်္ဂလာကန် ၁၊ ၂၊ တာမဏိကန် ၁၊ ၂ တို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရွှေနန်းရင်တော ၁ (ထိန်ကန်)၊ ၂ နှင့် ၃ တို့ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပုဂ္ဂလိကအလှူရှင်များ၏အလှူငွေများဖြင့် ဆုတောင်းပြည့်ရေစုကန်၊ ဇီးပင်ကန်နှင့် သဲစစ်ကန် (မင်းနန်သူ)တို့နှင့် အလှူရှင်များက ရေကန်များပြန်လည်ဖောက်ထုတ်ခြင်း(ကန်ဆယ်ခြင်း)၊ ရေခေါ်လမ်းကြောင်းများနှင့် ရေကန်များ ချိတ်ဆက်ပေးခြင်း၊ ရေဝင်ရိုးများ ပြန်လည်ဖော်ထုတ်ခြင်း၊ Topographic Map ရေးဆွဲခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုဂံဒေသ၏ မြို့ပြယဉ်ကျေးမှု အထွန်းကားဆုံးအချိန်၊ နည်းပညာအမြင့်မားဆုံး အချိန်ကာလတွင် နည်းလမ်းမျိုးစုံဖြင့် ရေကိုစနစ်ကျစွာ စီမံခန့်ခွဲခဲ့ကြသည်ကို ရှေးခေတ်ရေလမ်းကြောင်းနှင့် ရေကန်များက သက်သေပြလျက်ရှိသည်။ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ်ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများအား ရှာဖွေဖော်ထုတ် သုတေသနပြုထိန်းသိမ်းခြင်းဖြင့် ကမ္ဘာ့အမွေအနှစ်ကော်မတီနှင့် ICOMOS တို့၏အကြံပြုချက်များ လိုက်နာဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ယဉ်ကျေးမှုအမွေအနှစ်များနှင့်ရှေးခေတ်ရေကန်များ၏ သဘာဝရှုခင်းအလှတို့ဖြင့်ချိတ်ဆက်၍ ပုဂံဒေသအတွက် ခရီးစဉ်အသစ်များဖော်ဆောင်၍ ပုဂံခေတ်ဗိသုကာအနုလက်ရာများ၊ နံရံဆေးရေးပန်းချီများ၊ အင်္ဂတေပန်းများ၊ စေတီ၊ ပုထိုးများသာမက ရေစီမံခန့်ခွဲမှုဆိုင်ရာ သဘာဝအလှအပရှုခင်းများကို လာရောက်ခံစားလေ့လာကြပါဟု ဖိတ်ခေါ်လိုက်ရပါသည်။ ။

**ဒေါက်တာအိရွှေစင်မြင့်(ပုဂံ)**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# လူငယ်များ၏အနာဂတ်ကို မြှင့်တင်ရာတွင်

*** နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည် စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။**

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲများကို ၁၁-၃-၂၀၂၄ ရက်မှ ၁၉-၃-၂၀၂၄ ရက်အထိ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၏ စာစစ်ဌာနအသီးသီးတွင် ဖြေဆိုခဲ့ပြီးဖြစ်သည်။ သို့သော် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသတချို့ရှိ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန်အခွင့်အရေးဆုံးရှုံးခဲ့ကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအခွင့်အလမ်းမဆုံးရှုံးစေရန်အတွက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် မှတ်ပုံတင်ထားပြီးဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထူးအစီအစဉ်တစ်ရပ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား၊ ကျောင်းသူများအား စုစည်းခေါ်ယူ၍ ဧပြီလ ၂၉ ရက်မှ မေလ ၆ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**များစွာတည်မှီလျက်ရှိ**

စင်စစ်အားဖြင့် ပညာရေးတွင်ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်တိုးတက်ရေးကိုဖော်ဆောင်နေခြင်းပင်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် မျိုးဆက်သစ်လူငယ်များ၏ပညာရေးကို အလေးထားကြသည်။ ပညာရေးအသုံးစရိတ်သုံးစွဲနိုင်မှုအပေါ် မူတည်၍ နိုင်ငံတစ်နိုင်ငံ၏အဆင့်အတန်းကို ဖော်ပြလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် မျိုးဆက်သစ်များဖြင့်သာ တည်ဆောက်ကြရသည်။ မျိုးဆက်သစ်များပညာပြည့်ဝနေမှသာလျှင် အနာဂတ်နိုင်ငံတော်ကိုတိုးတက်အောင် ထူထောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်များကိုအလေးထားသင့်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင်များစွာတည်မှီလျက်ရှိသည်။

**အဆင့်မြင့်ပညာသင်ယူနိုင်ရေး**

စင်စစ်အားဖြင့် ပညာရေးသည် ကလေးငယ်များအား ဆင်းရဲတွင်းမှဆွဲထုတ်နိုင်ပြီး အလားအလာကောင်းသောအနာဂတ်ကိုတည်ဆောက်နိုင်စွမ်းရှိစေသော်လည်း ကမ္ဘာတစ်ဝန်း၌ ကလေးငယ် ၂၄၄ သန်းသည် ပညာဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရရှိကြပေ။ ထို့ပြင် ကလေး ၆၁၇ သန်းကျော်မှာလည်း စာဖတ်နိုင်ခြင်းမရှိသလို အခြေခံတွက်ချက်နည်းသင်္ချာလည်း မတတ်မြောက်ကြပေ။ အထူးသဖြင့် အာဖရိကဒေသတွင် အမျိုးသမီးငယ် ၄၀ ရာခိုင်နှုန်းခန့်သည် အခြေခံပညာလောက်သာ သင်ယူခွင့်ရရှိကြပြီး ဒုက္ခသည်စခန်းမှ လူငယ်များသည် ပညာသင်ယူခွင့်မရရှိဘဲ ကျောင်းထွက်နေကြရသည်။ ထို့ကြောင့် ပညာသင်ယူခွင့်အခွင့်အလမ်းမှာ ချိုးဖောက်ခံရလျက်ရှိသည်။ ထို့ကြောင့်သာတူညီမျှနှင့် တစ်သက်တာပညာသင်ယူခွင့် မရရှိဘူးဆိုလျှင် ကျား၊ မ သာတူညီမျှမှုကိုလည်း ဖော်ဆောင်နိုင်စွမ်းမရှိသလို ကလေးငယ်များအား ဆင်းရဲတွင်းမှဆွဲထုတ်နိုင်မည်မဟုတ်ချေ။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ ၅ နှစ်နှင့်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိပြီး အဆိုပါလူဦးရေတွင် ကျောင်းလုံးဝမတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိသည်။ ထို့ပြင် အသက် ၂၅ နှစ်အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း ၉ သိန်းကျော်ရှိပေသည်။ ထို့ကြောင့် နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံခန့်သည် အလယ်တန်းအဆင့်ပညာသင်ယူခွင့်မရရှိခဲ့ကြပေ။ ထို့ပြင် နိုင်ငံလူဦးရေ ၅၅ သန်းတွင် သုံးသန်းခန့်သာဘွဲ့ရရှိခဲ့သဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာသင်ယူနိုင်သည်။ ဆိုလိုသည်မှာ လူ ၁၀ ယောက်လျှင်တစ်ယောက်လောက်သာ အဆင့်မြင့်ပညာသင်ယူနိုင်သေးသည်။ အဆင့်မြင့်ပညာသင်ယူနိုင်သူအရေအတွက်တိုးတက်လာမှသာလျှင် လူသားအရင်းအမြစ်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျဖော်ဆောင်နိုင်မည်ဖြစ်သည်။

**အမျိုးသားပညာရေးစီမံကိန်း**

ထို့ကြောင့် တိုင်းပြည်အတွင်း ပညာတတ်များမွေးထုတ်နိုင်ရေးရည်မှန်းချက်ဖြင့် လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုလျှင် အနည်းဆုံးတက္ကသိုလ်တစ်ခု၌ Ph.D သင်တန်းဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူအားလုံး ပညာများအမှန်တကယ်တတ်မြောက်ပြီး ပုံမှန်တန်းစဉ်ကူးပြောင်းနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းများ ပို့ချပေးရန်စီစဉ်လျက်ရှိသည်။ တစ်ဖက်တစ်လမ်းမှလည်း ဆရာ၊ ဆရာမများ လိုအပ်ချက်များကိုတတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးရန်စီမံလျက်ရှိသည်။

**နိုင်ငံ၏ အနာဂတ်တိုးတက်ရေး**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ပညာရည်တတ်မြောက်မှု အဆင့်အတန်းပေါ်တွင် များစွာတည်မှီနေသည်ဆိုသောအချက်ကို ကမ္ဘာ့နိုင်ငံတိုင်းက တူညီစွာလက်ခံထားရှိကြသည်။ ထိုနည်းတူစွာပင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတို၊ရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အမှန်တော့ အသိပညာရှင်၊ အတတ်ပညာရှင်ပေါများသော နိုင်ငံတိုင်းသည် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့ဦးဆောင်နိုင်ငံများအဖြစ် ရပ်တည်နိုင်လေ့ရှိကြသည်။

ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်လူငယ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင်များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဘက်စုံထူးချွန်သော မျိုးဆက်သစ်လူငယ်များပေါ်ထွန်းရေး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသော ဒေသတချို့ရှိ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် အခွင့်အရေးမဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဧပြီလ ၂၉ ရက်မှ မေလ ၆ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲ ထပ်မံကျင်းပပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် သား၊ သမီးများ၏ အနာဂတ်ပညာရေးမြင့်မားစေရေးအတွက် အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းအကြံပြုသွားလိုပါသည်။ ။

**ရည်ညွှန်းကိုးကား။**


(1) International Day of Education | United Nations.

(2) The 2019 Inter-Censal Survey, The Union Report.


# မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂၄-၄-၂၀၂၄

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ငစိန် | ပဲဆီ | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ငရုတ်ခြောက် | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၇၈၀၀ | ၃၇၀၀ | ၂၇၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၁၀၀၀-၁၁၅၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀-၁၄၅၀၀ | ၁၀၀၀၀ | ၂၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၂၅၀၀-၄၀၀၀ | ၁၃၀၀၀-၂၀၀၀၀ | ၂၆၀၀-၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၁၁၀၀၀-၁၂၀၀၀ | ၁၄၀၀၀-၁၆၀၀၀ | ၈၅၀၀-၁၀၀၀၀ | ၂၄၀၀၀-၃၀၀၀၀ | ၂၅၀-၃၀၀ | ၃၂၀-၃၅၀ |
| ၃ | မန္တလေး | ၇၅၀၀ | ၄၆၀၀ | - | ၁၈၀၀၀ | ၂၈၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၄၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | - | ၁၆၀၀၀ | ၂၅၀ | ၃၅၀ |
| ၄ | တောင်ကြီး | ၇၃၀၀ | ၃၅၀၀ | ၂၇၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၅၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၁၆၀၀၀ | ၃၀၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၅၂၅၀ | ၃၃၅၀ | - | ၁၅၀၀၀-၁၆၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀-၁၄၀၀၀ | ၉၀၀၀ | ၁၇၀၀၀-၁၈၀၀၀ | ၈၅၀၀ | ၂၂၅၀၀ | ၃၀၀ | ၃၅၀ |
| ၆ | မုံရွာ | ၇၀၀၀ | ၄၅၀၀ | - | ၁၆၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၁၁၀၀၀-၁၃၀၀၀ | ၃၀၀၀ | ၁၀၀၀၀-၁၁၀၀၀ | ၁၀၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၈၀၀၀ | ၂၁၀၀၀ | ၂၅၀ | ၃၅၀ |
| ၇ | မြိတ် | ၆၂၅၀ | ၃၅၅၀ | ၃၁၂၅ | ၁၆၅၀၀-၁၇၀၀၀ | ၃၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၁၂၀၀၀ | ၁၄၅၀၀-၁၅၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၃၀၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

နေပြည်တော် ဧပြီ ၂၄

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနားကျင်းပမည်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့်သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၆ ခုနှစ် ကဆုန်လဆန်း ၆ ရက်(မေလ ၁၃ ရက်(တနင်္လာနေ့)) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များအပါအဝင် ပင့်သံဃာ ၃၃ ပါး၊ ယခုနှစ်တွင် အောင်မြင်တော်မူကြသော တိပိဋကဓရ တိပိဋကကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက ငါးပါး၊ ဒီဃနိကာယကောဝိဒ သုံးပါး၊ ဒီဃဘာဏက ကိုးပါး၊ ဝိနယကောဝိဒ ငါးပါး၊ ဝိနယဓရ ၃၁ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၁ ပါး၊ စာအောင်သံဃာ ၁၁၂ ပါး စုစုပေါင်းသံဃာတော် ၁၄၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်မည်ဖြစ်ပါသဖြင့် အလှူရှင်များအနေဖြင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ညွှန်ကြားရေးမှူး စာမေးပွဲဌာနခွဲ သာသနာရေးဦးစီးဌာန ဖုန်း-၀၉-၄၃၀၆၇၁၆၈၊ ၀၉-၄၄၃၁၉၀၁၉၃ သို့ ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဧပြီ ၂၄

# ဆုံးရှုံးနိုင်ခြေမြင့်မားသောမှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



ဆုံးရှုံးနိုင်ခြေမြင့်မားသော မှုခင်းများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဖော်ထုတ်ခြင်းဆိုင်ရာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ကျင်းပရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ခေါင်းဆောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီးများ၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကြီးကြပ်ရေးအာဏာပိုင်များ၊ သတင်းပို့အဖွဲ့အစည်းများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ် ဘဏ်ခွဲများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာတိုးတက်မှုအစီရင်ခံစာ (Progress Report)တွင်ပါရှိသည့် လက်ငင်းရလဒ်(၁) အဆင့်တိုးမြှင့်ရရှိစေရန်ဆောင်ရွက်ရာတွင် ဆုံးရှုံးနိုင်ခြေမြင့်မားသည့်မှုခင်းများနှင့်ဆက်နွယ်သည့်ငွေကြေးခဝါချမှုအန္တရာယ်များကို နားလည်သိရှိမှုတိုးတက်ကြောင်း ပြသရန်အတွက် ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်မှု(Risk Assessment) ဆောင်ရွက်ထားရှိမှုများအား သိရှိနားလည်စေရန်နှင့် ကြီးကြပ်ရေးအာဏာပိုင်များနှင့် သတင်းပို့အဖွဲ့အစည်းများမှ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ သိရှိနားလည်မှုတိုးတက်စေရန် ယခုဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် အလေးထားပြီး တားဆီးတိုက်ဖျက်သွားရန် လိုအပ်သည့် အွန်လိုင်းလိမ်လည်မှုများနှင့် ဆက်နွယ်နေသည့် ငွေကြေးခဝါချမှုလားရာများကိုလည်း ဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးသွားရန်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ဌာန/အဖွဲ့အစည်းများကလည်းကောင်း၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်းကောင်း၊ အခြားစီးပွားရေးလုပ်ငန်းအသီးသီးမှလည်းကောင်း ဆုံးရှုံးနိုင်ခြေမြင့်မားသည့်မှုခင်းများနှင့် ဆက်နွယ်သည့်ငွေကြေးခဝါချမှုအန္တရာယ်များအားဖော်ထုတ်ရာတွင် သက်ဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်များက ဆွေးနွေးသည့်အချက်များအပေါ် ဆုံးရှုံးနိုင်ခြေဖော်ထုတ်ရန်လိုအပ်ပြီး သတင်းပို့ရာတွင် ပြန်လည်သုံးသပ်နိုင်ရန် လိုအပ်ကြောင်း၊ အစီရင်ခံစာများလည်း ဌာနအသီးသီးမှ အများပြည်သူသိရှိစေရန် ထုတ်ဝေရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ယခုဆွေးနွေးပွဲရလဒ်များအပေါ် အခြေခံ၍ သတင်းပို့အဖွဲ့အစည်းများမှ AML/CFT ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စေရန်နှင့် ဆွေးနွေးပွဲမှ ရရှိသည့်အသိပညာများအား လက်တွေ့တွင် ထိရောက်စွာ အသုံးချနိုင်စေရန်အတွက် တက်ရောက်လာသူများက ဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့က အွန်လိုင်းလိမ်လည်မှုများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုလားရာများ မဟာဗျူဟာခွဲခြမ်းစိတ်ဖြာမှုအစီရင်ခံစာအားလည်းကောင်း၊ ဆုံးရှုံးနိုင်ခြေမြင့်မားသောမှုခင်းများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ စုံစမ်းစစ်ဆေးရေးဌာနခွဲ-၁၊ စုံစမ်းစစ်ဆေးရေးဌာနခွဲ-၂၊ ပုဂ္ဂလိကဘဏ်ခြောက်ဘဏ်၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအာမခံလုပ်ငန်း၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်၊

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ယခုဆွေးနွေးပွဲမှရရှိသည့် အသိပညာဗဟုသုတများကို မိမိတို့၏ဌာန/လုပ်ငန်းများတွင် ပြန်လည်ဝေမျှဆွေးနွေးသွားရန်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုအန္တရာယ်နှင့် ဆုံးရှုံးနိုင်ခြေများကို သိရှိနားလည်မှုတိုးတက်လာသည်နှင့်အမျှ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုကို ကာကွယ်တားဆီးမှု တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ အဓိကအရေးကြီး ဆောင်ရွက်ရန်အချက်များကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန် ဧပြီ ၂၄

# မဟာသင်္ကြန်ကာလအတွင်း ရပ်နားထားသည့် MFF League Cup 2024 ပြိုင်ပွဲကို ယနေ့စတင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် MFF League Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဧပြီလ ၂၅ ရက်**(ယနေ့)**တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MFF League Cup 2024 ပြိုင်ပွဲကို မြန်မာနှစ်သစ်ကူးအခါသမယ မဟာသင်္ကြန်ကာလအတွင်း ခေတ္တရပ်နားခဲ့ပြီးနောက် ယခုအခါ အုပ်စုပွဲစဉ်များကို မူလသတ်မှတ်ထားသည့်အတိုင်း ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

MFF League Cup 2024 ပြိုင်ပွဲ အုပ်စု(A) အုပ်စုပွဲစဉ်များအဖြစ် ဧပြီလ ၂၅ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရွှေပြည်သာယူနိုက်တက်အသင်းနှင့်ရန်ကုန်ယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် University အသင်း၊ အုပ်စု(B) အုပ်စုပွဲစဉ်များအဖြစ် ဧပြီလ ၂၆ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ ရိုန်းဘိုးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်းတို့ကစားသွားမည်ဖြစ်သည်။

အလားတူ အုပ်စု(C)အုပ်စုပွဲစဉ်များအဖြစ် ဧပြီလ ၂၇ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ဆေးဗားစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ တက္ကသိုလ်အားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်း၊ အုပ်စု(D)အုပ်စုပွဲစဉ်များအဖြစ် ဧပြီလ ၂၈ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် ပဒုမ္မာအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်း၊ ညနေ ၄ နာရီတွင် တက္ကသိုလ်အားကစားကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် ISPEအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှု ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလမှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါကျရောက်မှုကြောင့် သက်ငယ်ပျားများ (Nurse Bees) ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါကျရောက်မှုမှကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။

(ခ) ကပ်ပါးမွှားရောဂါ ကင်းစင်ရေးဆောင်ရွက်ရန်။

(ဂ) ပျားသောက်ရေလုံလောက်စွာရရှိရေးဆောင်ရွက်ရန်။

(ဃ) ပျားအုံများ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ရန်။

(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။

(စ) သကြားနှင့်ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့်ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။

(ဆ) ပျားသလက်ပေါင်အသစ်များဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်ရန်။

(ဇ) ရောဂါကျရောက်ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

နေပြည်တော် ဧပြီ ၂၄

# မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ



မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၃၆) အစည်းအဝေးခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ စာတမ်းရှင်များတက်ရောက်ကြပြီး တိုင်းဒေသကြီး /ပြည်နယ် /ခရိုင်နှင့် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက စားရေရိက္ခာအသားကဏ္ဍဖူလုံမှုတိုးတက်ရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝသည့် မွေးမြူရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းများအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် မွေးမြူရေးဆိုင်ရာသုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သို့အတွက် သုတေသီပညာရှင်များအနေဖြင့် အဆင့်မြင့်နည်းပညာအသစ်များ လေ့လာဖော်ထုတ်အသုံးပြုနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ဆက်စပ်ဌာနများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေးမြူရေးတောင်သူများ ပူးပေါင်းပါဝင်သည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် စာတမ်းရှင်များက စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြပြီး မွေးမြူရေးဆိုင်ရာ ပြခန်းပြကွက်များကို ကြည့်ရှုအားပေးကြသည်။

အစီအစဉ်ဒုတိယပိုင်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက စာတမ်းဖတ်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်မားရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စာတမ်းဖတ်ပွဲအကဲဖြတ် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စာတမ်းရှင်များက သုတေသနစာတမ်းများတင်သွင်းဖတ်ကြားကြပြီး တက်ရောက်လာသူများက မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ စာတမ်းဖတ်ပွဲ ပထမနေ့ကို ညနေပိုင်းတွင် ရပ်နားခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဌာနမှဆောင်ရွက်လျက်ရှိသောတိရစ္ဆာန်များ မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာ စစ်တမ်းများ၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းအပေါ် အခြေခံ၍ မြန်မာနိုင်ငံ၏ တိရစ္ဆာန်မွေးမြူမှုအခြေအနေလေ့လာသုံးသပ်ချက်စာတမ်း၊ မျိုးဗီဇဆိုင်ရာ၊ တိရစ္ဆာန်အစာအာဟာရဗေဒ၊ သိုးဆိတ်မွေးမြူရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေး၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာနှင့် ပဋိဇီဝဆေးဆိုင်ရာ သုတေသနများနှင့် သက်ဆိုင်သည့်စာတမ်းများကို အတွေ့အကြုံကောင်းရှိသူ စာတမ်းရှင်များနှင့် မျိုးဆက်သစ်လူငယ်စာတမ်းရှင်များက ဧပြီလ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် စာတမ်း ၃၁ စောင်ကို ဖတ်ကြားတင်သွင်းသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# နေပြည်တော်စုရပ်ဗဟိုစခန်း(ရွာတော်)သို့ရောက်ရှိလာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူရည်ချွန်များကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆို

ပုဂံ၊ အင်းလေး၊ ငွေဆောင်နှင့်ချောင်းသာ လူရည်ချွန်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် နဝမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄၀၊ ဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၄၀၊ ဧကာဒသမတန်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၁၃၇ ဦး၊ ဒွါဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၁၃၇ ဦး စုစုပေါင်း လူရည်ချွန်ကျောင်းသား၊ ကျောင်းသူ ၅၅၄ ဦးနှင့် ကြီးကြပ်ဆရာ၊ ဆရာမ ၆၄ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စုရပ်ဗဟိုစခန်း(ရွာတော်)သို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ၊ စခန်းတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အိုးစည်ဒိုးပတ်အကအဖွဲ့များက စံပယ်ပန်းကုံးများစွပ်၍ ရင်းရင်းနှီးနှီးလှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ကြသည်။



ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များကို လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်ကအားကိုးအားထားပြုရမည့် လူရည်ချွန် လူရည်မွန်များဖြစ်အောင် အမြဲတမ်းဆက်လက်ကြိုးစားနေကြစေလိုပါကြောင်း၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို နှစ်သက်မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ခိုင်မာနေကြရန်လိုပါကြောင်း၊ အပန်းဖြေစခန်းအသီးသီးသို့သွားရောက်ကြမည့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာကြစေလိုပါကြောင်း၊ လူရည်ချွန်ထပ်ကွမ်းလူငယ်များဖြစ်အောင် ဆက်လက်ကြိုးစားကြစေလိုပါကြောင်းမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာ၊ ဆရာမများသည် နေပြည်တော် စုရပ်ဗဟိုစခန်း(ရွာတော်)တွင် တည်းခိုကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏အနှစ်သာရနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအောက်ရှိဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာနိုင်ကြရန် တာဝန်ရှိသူအဆင့်ဆင့်က အသိပညာပေးထိန်းကျောင်းကြပ်မတ်ရန်လိုကြောင်း၊ အများပြည်သူအကျိုးစီးပွားကာကွယ်ပေးရန်နှင့် အဂတိကင်းစင်သော လူ့အဖွဲ့အစည်းဖြစ်စေရန် မိမိတို့အားလုံး တညီတညွတ်တည်း ကြိုးပမ်းသွားကြရန်နှင့် မိမိတို့နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြည်သူများ၏ယုံကြည်မှုကိုရရှိပြီး ကောင်းမွန်သည့်အုပ်ချုပ်မှုစနစ်ကိုဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်သွားကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်ကချမှတ်ထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ ကျင့်ဝတ်စံနှုန်းများနှင့် အညီဖြောင့်မတ်တည်ကြည်စွာ တာဝန်ဝတ္တရားများထမ်းဆောင်နိုင်ကြစေရန် မြှင့်တင်နိုင်ရေး အသိပညာပေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရန်ကိစ္စရပ်များ၊ နိုင်ငံတော်၏ မူဝါဒများနှင့်ဆန့်ကျင်ပြီး ပုဂ္ဂလိကရေးအကျိုးအမြတ် ရယူဆောင်ရွက်မှုများနှင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်များကိုသွေဖည်ပြီး နိုင်ငံတော်သစ္စာဖောက်ဖျက်မှုများကို ကျူးလွန်မှုမဖြစ်ပေါ်စေရန် ဦးစီးဌာနအလိုက် အသိပညာပေးဟောပြောခြင်းများ ပုံမှန်ဆောင်ရွက်ပေးနိုင်ရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

★ **ရှေ့ဖုံးမှအဆက်**

ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးမှ တာဝန်ရှိသူတို့တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHUM Angvichet တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

နေပြည်တော် မေ ၂၄

# လှည်းကူးမြို့နယ်နှင့် အမ်းမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ဘိုသိုးအင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၈ ပါးနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၀၈ ဦးတို့အား လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အလားတူ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အမ်း-ပဒါန်းလမ်းကြောင်းပေါ်ရှိ ပတ်ကွေ့ကျေးရွာအပါအဝင် ပတ်ဝန်းကျင်ကျေးရွာ (၅)ရွာမှ ဒေသခံပြည်သူများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အမ်း-ပဒါန်း လမ်းကြောင်းပေါ်ရှိ ကျေးရွာ (၅) ရွာမှ အိမ်ထောင်စု ၂၄၅ စုတို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် မေ ၂၄

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှအမှုဆောင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ အုပ်ချုပ်ရေးမှူးများက ပထမနေ့အမျိုးသားသုံးယောက်တွဲပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားသုံးယောက်တွဲ၊ အမျိုးသားလေးယောက်တွဲ၊ အမျိုးသမီးသုံးယောက်တွဲ၊ အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲများအား ပတ်လည်စနစ်ဖြင့်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အမျိုးသားအသင်း ၄၄ သင်း၊ အမျိုးသမီးအသင်း ၁၃ သင်းပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲကို ဧပြီလ ၂၉ ရက်အထိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအား မေလ ၂၂ ရက် မှ ၃၀ ရက်ထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ **ဝန်းရံခ**



❑ **ကျောဖုံးမှအဆက်**

ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်း ဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထား ဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်း ပြောကြားပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေ







အနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ ကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားကြ သည်။

ယင်းနောက် မာရဝိဇယရုပ်ပွားတော်မြတ် ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင် တော်ပတ်လည်၌ စကျင်ကျောက်များအသုံး ပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ တိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း အုံ့မခန်း ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ကျောက်စာရုံ စေတီတော်နှင့် အခြားသာသနိကအဆောက် အအုံများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများသည် ဥပ္ပါတသန္တိစေတီတော် မြတ်ကြီးသို့ ရောက်ရှိကြကာ စေတီတော် မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်း ရုပ်ပွားတော်များနှင့် စေတီတော်ရင်ပြင် အတွင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူ တော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်သို့ သွားရောက်၍ ဆင်ဖြူတော်များကို လေ့လာ ကြည့်ရှုကြသည်။

အဆိုပါ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများအဖွဲ့တွင် ကချင်ပြည်နယ်မှ ၃၂ဦး၊ ကရင်ပြည်နယ်မှ ၈ ဦး၊ စစ်ကိုင်း တိုင်းဒေသကြီးမှ ၄၀၊ တနင်္သာရီတိုင်း ဒေသကြီးမှ ၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၈ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေး တိုင်းဒေသကြီးမှ ၆၄ဦး၊ မွန်ပြည်နယ်မှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၀ ၊ ရန်ကုန်တိုင်းဒေသ ကြီးမှ ၈၀၊ ရှမ်းပြည်နယ်မှ ၈၀၊ ဧရာဝတီ တိုင်းဒေသကြီးမှ ၆၄ ဦး နှင့် နေပြည်တော်မှ ၁၆ ဦး စုစုပေါင်း ၅၅၄ ဦးနှင့် ကြီးကြပ်သူ ၆၄ ဦး ပါဝင်ကြောင်း သိရသည်။

**သတင်း–အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ–ဖိုးပြည့်စုံ**

---

နေပြည်တော် ဧပြီ ၂၄

# ကျိုင်းတုံမြို့နယ်နှင့် မြိတ်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံ မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် များအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း က ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေး အဖွဲ့ရုံးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာ စကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ် သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ် သည်။

ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ အား နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး ကြသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ် သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW April 24

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of Cambodia to Myanmar

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador of Cambodia to Myanmar H.E. Mr. CHUM Angvichet, who is leaving the country after completion of his duties, at the parlour of the Office of the Chairman of the State Administration Council in Nay Pyi Taw this afternoon.

During the call they frankly discussed matters related to friendship and diplomatic ties between Myanmar and Cambodia, exchange of goodwill visits, trade between the two countries, promotion of tourism, social and cultural sectors, boosting cooperation in other sectors and preparations for holding a free and fair multi-party democracy election in Myanmar.

After the discussions, the Senior General and ambassador exchanged gifts.

Also present with the Senior General were Joint Secretary of the SAC Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials while the ambassador was accompanied by officials from the embassy. **100**



Senior General Min Aung Hlaing shakes hands with Cambodian Ambassador to Myanmar Mr. CHUM Angvichet.



Senior General Min Aung Hlaing receives Cambodian Ambassador to Myanmar H.E. Mr. CHUM Angvichet.

AGRICULTURE

# Budalin Township farmers reap 13,875 acres of winter sesame

A total of 13,875 acres of winter sesame planted during the winter crop planting season in Budalin Township, Monywa District, Sagaing Region, have been harvested, according to statistics from Department of Agriculture for Budalin Township.

The harvest of winter sesame planted in Budalin Township during the 2023-2024 winter crop planting season has been harvested since February of this year.

So far, 13,875 acres have been harvested and 12.25 baskets per acre have been harvested.

"At present, all acres of winter sesame have been harvested. The yield is also good. Sesame is not planted in the rainy season. They are only planted in the winter. We also provide services for the expansion of sesame acreage, good yield, and planting with GAP systems," said U Phyo Wai, head of the Department of Agriculture for Budalin Township.

During the 2023-2024 winter crop planting season, 13,591 acres of winter sesame are planned to be planted in Budalin Township, and 13,875 acres were planted from October to December, 2023.

**SMK**

COMMERCE

# Myanmar to ship over 29,000 tons of corn to Thailand



During the third week of April, more than 29,000 tons of corn seeds will be shipped to Thailand by sea. On 21 April, 19,300 tons were shipped, with an additional 2,700 tons and 7,150 tons scheduled for shipment on 22 and 25 April respectively.

Previously, most corn seeds were exported to Thailand via the Myawady border. However, due to difficulties in transport facilities, they are now being exported by sea.

Myanmar's corn is typically exported to India, the Philippines, Vietnam, Bangladesh, and various African countries. Thailand, Vietnam, and Laos are frequent buyers of Myanmar corn due to the growing annual demand.

Myanmar produces approximately 2.3 million tons of corn annually, with domestic food production industries consuming 1.2 to 1.5 million tons of it.

**SK**

BUSINESS

# Chickpea prices bounce back in the market

The chickpea prices bounced back on 20 April after a high influx of new chickpeas in the market drove the prices down before the Thingyan holidays, according to Mandalay wholesale depot figures.

The prices stood at Ks-232,000-Ks-257,000 per viss on 20 April. High demand by oil millers and growers who store the seeds for planting in the following season outstripped supply in the market in the second week of January 2024, causing the prices to peak at Ks-287,000-Ks-315,000 per viss on 12 January.

Chickpeas are heavily reliant on domestic consumption. Therefore, the demand for millers is highly correlated with price fluctuation, according to the Mandalay Commodity Depot.

Chickpeas are commonly cultivated in October-November and harvested in January-April. It is primarily grown in Bago, Ayeyawady, Sagaing, Magway and Mandalay regions.

Myanmar ships a small volume of chickpeas to foreign markets beyond self-sufficiency. More than 58,000 kilogrammes worth US$-37.478 million were exported to foreign trade partners in the financial year 2023-2024 (April-March), according to the Ministry of Commerce's statistics.

Myanmar exported over 18,000 kilos of beans worth US$-13.139 million in the 2022- 2023 FY.

**SMK**

AGRICULTURE

# More than 9,000 acres of groundnut harvested in Kawlin District

The statistics of Kawlin District Agriculture Department stated that a total of 9,208 acres of groundnut has been harvested in Kawlin District of Sagaing Region.

Local farmers started harvesting groundnut in the district from February 2024 of the 2023-2024 financial year on 9,208 acres of land, yielding 72.78 baskets per acre.

U Win Thein, Head of the district Agriculture Department, said: "Local farmers have completed harvesting of all sown acre of groundnut. They expanded sown acreage of groundnut this year. So, we helped them increase per-acre yield of groundnut."

Kawlin Township harvested 6,002 acres of groundnut, Wuntho Township 1,152 acres and Pinlebu Township 2,054 acres, totalling 9,208 acres.

The district authorities earmarked cultivation of 9,088 acres of groundnut but local farmers exceeded cultivation of the plant on 9,208 acres starting from October 2023, exceeding the target.

The relevant agriculture departments render technological assistance for local farmers to thrive groundnut, prevent pests and weeds.

**SK**

AGRICULTURE

# Farmers in Htigyaing Township reap 6,492 acres of winter sunflowers



A total of 6,492 acres of sunflowers planted in the winter crop season in Htigyaing Township, Katha District, Sagaing Region, have been harvested, according to statistics from the Department of Agriculture.

The harvest of the sunflower fields planted in Htigyaing Township during the 2023-2024 winter crop season has been harvested since February this year. So far, 6,492 acres have been harvested and the yield is 37.29 baskets per acre.

During the 2023-2024 winter crop planting season, 15,335 acres of sunflowers were earmarked for planting in Htigyaing Township, and farmers planted 15,335 acres from October to December, 2023.

During the 2022-2023 winter crop planting season, the winter sunflowers were planted in Htigyaing Township from October, 2022 to September, 2023 and 13,775 acres were planted.

In addition, during the 2023-2024 rain crop planting season, 40 acres of sunflowers have been earmarked for planting in Htigyaing Township and from May to September 2023, the farmers planted 100 percent of the targeted acreage. **SMK**

PILGRIMAGE

# 49th Kamamo Village Pagoda Festival crowded with visitors

The 49th Pagoda Festival and Adorned Bullock Cart Competition of Kamamo Village in Chaungzon Township, Mon State, took place on a grand scale on the evening of 22 April.

U Min Myint Myaung Lay, a member of the organizing committee for the Mon traditional adorned bullock cart competition, stated that the Kamamo decorated bullock cart competition was established in 1975. This year marks its 49th edition, aimed at preserving cultural tradition among the youth. In the past, almost all villages in Chaungzon Township held this cart competition, but nowadays, only Kamamo Village continues the tradition.

Four adorned bullock carts competed in the event, with scores assigned by five scoring teams based on the condition of bullocks, carts, elegance, costumes, and physical positions. The winner received a worthy award, and the festival attracted visitors from far and wide.

**SMK**

CHINA

# China's Chang'e-7 lunar mission to carry instruments developed through int'l cooperation

China's Chang'e-7 lunar exploration mission will carry six scientific instruments developed by six countries and one international organization, the China National Space Administration (CNSA) announced on Wednesday.

The Chang'e-7 mission, scheduled for launch around 2026, aims to survey the lunar surface environment, water, ice and volatile elements of lunar soil in the lunar south pole. It will also carry out research on the lunar terrain, composition and structure, the CNSA announced at the launch ceremony of China's Space Day in Wuhan, central China's Hubei Province.

The countries and the international organization participating in the development of the scientific instruments are Egypt, Bahrain, Italy, Russia, Switzerland, Thailand and the International Lunar Observatory Association.

The Chang'e-7 lander will carry laser retroreflector arrays developed by Italy to provide high-precision measurement on the lunar surface and navigation services of the orbiter.

A lunar dust and electric field instrument developed by Russia will be aboard the lander to detect the dusty plasma environment of the lunar surface.

A lunar-based telescope developed by the International Lunar Observatory Association will also be installed on the lander so that observations on the Galaxy, the Earth and the full sky can be made.

The orbiter will carry a lunar hyperspectral camera developed by Egypt and Bahrain to identify the lunar surface material and the lunar environment.

**Xinhua**

JAPAN

# Japanese citizens petition against ocean discharge of Fukushima nuclear-tainted wastewater

Representatives from Japanese civic groups on Wednesday submitted over 180,000 signatures from local citizens to the Japanese government, urging both the government and Tokyo Electric Power Company (TEPCO) to immediately halt the ocean discharge of nuclear-contaminated water from the crippled Fukushima Daiichi Nuclear Power Plant.

Hajime Matsukubo, secretary general of the Citizens' Nuclear Information Center, a Japanese non-profit organization, presented 184,712 citizen signatures to the representative from the Ministry of Economy, Trade, and Industry at the Second Members' Office Building of the House of Representatives in Tokyo.

The petitioning campaign, initiated earlier this year by civic groups including the Fukushima Prefecture Peace Forum under a project called Future's Ocean, or Mirainoumi in Japanese, has gained momentum.

"The nuclear-contaminated wastewater contains radioactive substances that cannot be removed, and the environmental impact of continued discharge into the ocean will persist for decades," Masashi Tani, secretary general of the Japan Congress against A- and H-Bombs, told a press conference on Wednesday.

Tani emphasized the importance of thorough discussions about the issue to ensure a secure living environment for future generations. **Xinhua**

UNITED STATES

# Bird flu virus found in US retail milk



Bird flu virus found in US retail milk.

Particles of bird flu have been found in samples of consumer milk in the US, the Food and Drug Administration (FDA) said on Tuesday, revealing the extent of an outbreak of the H5N1 strain of Highly Pathogenic Avian Influenza (HPAI).

The virus has previously been detected in raw milk, the agency wrote, adding that while "pasteurization is likely to inactivate the virus,"the process is not expected to fully remove the presence of viral particles.

The FDA national survey further discovered traces of bird flu in "milk from affected animals, in the processing system, and on the shelves."

"To date, we have seen nothing that would change our assessment that the commercial milk supply is safe," the agency claimed, insisting that if the testing process finds "genetic material" from the virus, this "does not mean that the sample contains an intact, infectious pathogen."

While the FDA insists there is no real concern about the safety of pasteurized dairy products, other agencies said produce from sick cows should not be on the shelves. "Only milk from healthy animals is authorized for distribution into interstate commerce for human consumption," the National Milk Producers Federation wrote on its website.

Meanwhile, the US Department of Agriculture (USDA) has revealed that bird flu had been found in 33 herds of dairy cows in eight states as of Monday.

**RT**

CHINA

# Chinese scientist wins UNESCO prize for research in life sciences

The United Nations Educational, Scientific and Cultural Organization (UNESCO) announced on Tuesday that three scientists from China, Egypt, and Greece won the 2024 UNESCO-Equatorial Guinea International Prize for Research in the Life Sciences.

Qiao Jie of China, Mohamed Ali Farag of Egypt, and Triantafyllos Stylianopoulos of Greece received the awards for their outstanding contributions to improving the quality of human life through scientific research at a ceremony held in Addis Ababa, the capital of Ethiopia, on the sidelines of the 10th Africa Regional Forum on Sustainable Development.

"You have not only advanced the understanding of science, but also improved the lives, health, and well-being of the world's people," said Qu Xing, UNESCO deputy director-general, while applauding the prize winners.

Monique Nsanzabaganwa, deputy chairperson of the African Union Commission, said on the occasion that the prize serves as a catalyst to promote scientific excellence and future relations of scientists across the continent.

She said the prize honors those who have dedicated themselves to advancing knowledge and addressing pressing health, agricultural, and environmental challenges around the world.

**Xinhua**

ISRAEL

# Israel strikes 40 Hezbollah sites, minister says "half of" Hezbollah's commanders in S. Lebanon killed

Israel's military announced that its warplanes and artillery struck about 40 sites in southern Lebanon on Wednesday, claiming they had been used by Hezbollah.

An Israeli military spokesperson said in a statement that the strikes were carried out in the area of Ayta ash Shab in southern Lebanon against Hezbollah targets including storage facilities, weaponry, and infrastructures.

According to the spokesperson, Hezbollah fighters have used the area for military purposes.

Also on Wednesday, Israeli Defence Minister Yoav Gallant toured the Israel-Lebanon border, where Israel and Hezbollah have been trading fire since October 8, 2023, and held a situation assessment meeting with commanders.

According to Gallant, since the beginning of the border conflict, Israel has killed "about half of" Hezbollah's commanders in southern Lebanon, putting the number at 40.

"Our goal has remained the same -- to ensure that a different security situation prevails here in northern Israel and that the residents of the north can return to their homes in peace and safety," he said.


Tensions along the Lebanon-Israel border escalated on Oct. 8, 2023, following a barrage of rockets launched by Hezbollah toward Israel in solidarity with Hamas' attack on Israel the day before. Israel then retaliated by firing heavy artillery toward southeastern Lebanon. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Fresh health warning over common additive used in thousands of ultra-processed foods including mayo and bread as scientists say they may lead to type 2 diabetes

- **Certain emulsifiers raise the risk of getting the condition by up to 15 percent**
- **How much of your favourite foods you should REALLY be eating**



Emulsifiers, a group of 'E-numbers', are used to preserve and give texture to cakes, ice cream, mayonnaise and even bread.

Common additives lurking in thousands of ultra-processed foods (UPFs) may raise the risk of type 2 diabetes, research suggests.

Emulsifiers, a group of 'E numbers', are used to preserve and give texture to cakes, ice cream, mayonnaise and even bread.

French scientists analysed diets of more than 100,000 adults to uncover the latest health fear.

Adults who ate lots of emulsifiers were up to 15 percent more likely to have type 2 diabetes, the study found.

Critics, however, tore apart the academic paper, arguing it was only observational and heavily flawed.

Dozens of other factors could have influenced the findings, published in a journal owned by The Lancet.

Co-authors Dr Mathilde Touvier, research director at the French National Institute of Health and Medical Research, and Dr Bernard Srour, an epidemiologist at research institute INRAE, said: 'These findings... cannot be used on their own to establish a causal relationship.

'However, our results represent key elements to enrich the debate on re-evaluating the regulations around the use of additives in the food industry, in order to better protect consumers.'

Additive-laden foods have long been vilified over their supposed risks, with some experts even calling for UPFs typically anything edible that has more artificial ingredients than natural ones to be slashed from diets.

The 104,000 French adults involved in the study were quizzed on their dietary habits including their average daily intake of different groups of emulsifierspersonal medical history and physical activity level.

Over a follow-up of seven years on average, 1,056 volunteers were diagnosed with type 2 diabetes.

After taking into account other risk factors such as obesity and smoking, researchers said seven groups of emulsifiers were linked to type 2 diabetes.

Every 500mg of tripotassium phosphate (E340), found in sliced ham, canned soups and cake mixes, daily was linked to a 15 percent increased risk.

Elevated odds were also seen with guar gum (E412) and xanthan gum (E415). They can be found in cottage cheese, salad dressings and sauces.

Writing in The Lancet Diabetes and Endocrinology researchers said the study raises 'concerns about the need to revise acceptable daily intakes for several food additives, including emulsifiers'.

But experts today critiqued the paper.

Dr Sarah Berry, an expert in nutritional sciences at King's College London, said: 'This type of large-scale epidemiological study is a vital part of the scientific process.

'However, these studies cannot prove that emulsifiers cause type 2 diabetes.

'Because products that contain emulsifiers often contain a multitude of other ingredients, disentangling the effects of each compound is challenging.'

She added: 'While emulsifiers are individually carefully checked for safety, few studies investigate how cocktails of these chemicals impact our health. So, this type of study should inform future, more tightly controlled clinical trials.'

Dr Duane Mellor, a dietitian at Aston University, said: 'What this paper does not fully consider is the difference in how the human body might process and manage emulsifiers.'

The study also considers a varied range of emulsifiers, including sodium bicarbonate for example, he added.

'This is one of its uses, but it is perhaps more commonly used as a raising agent in the form of baking powder,' he said.

'So it seems that there are some overlap between how ingredients can be classified as they can have different uses in cooking as well as commercial food manufacture.'

Type 2 diabetes occurs when the body doesn't make enough insulin or the insulin it makes doesn't work properly.

This hormone is needed to bring down blood sugar levels.

Having high blood sugar levels over time can cause heart attacks and strokes, as well as problems with the eyes, kidneys and feet.

Sufferers may need to overhaul their diet, take daily medication and have regular checkups.

Symptoms of the condition, which is diagnosed with a blood test, include excessive thirst, tiredness and needing to urinate more often. But many people have no signs.

Almost 4.3million people were living with diabetesin 2021/22, according to the latest figures for the UK.

And another 850,000 people have diabetes and are completely unaware of it.

Approximately 90 percent of diabetes cases are type 2 diabetes, which is linked with obesity and is typically diagnosed in middle age, rather than type 1 diabetes, a genetic condition usually identified early in life.

**WHAT IS TYPE 2 DIABETES?**

Type 2 diabetes is a condition which causes a person's blood sugar to get too high.

More than 4 million people in the UK are thought to have some form of diabetes.

Type 2 diabetes is associated with being overweight and you may be more likely to get it if it's in the family.

The condition means the body does not react properly to insulin – the hormone which controls absorption of sugar into the blood and cannot properly regulate sugar glucose levels in the blood.

Excess fat in the liver increases the risk of developing type 2 diabetes as the buildup makes it harder to control glucose levels, and also makes the body more resistant to insulin.

Weight loss is the key to reducing liver fat and getting symptoms under control.

Symptoms include tiredness, feeling thirsty, and frequent urination.

It can lead to more serious problems with nerves, vision and the heart.

Treatment usually involves changing your diet and lifestyle, but more serious cases may require medication. **Mail Online**

နေပြည်တော် ဧပြီ ၂၄

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အင်္ဂမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အင်္ဂမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကျင်းပစဉ်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ အင်္ဂမအကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီလ ၂၃ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေဖျိုင်းအင်းတောရကျောင်းတိုက်၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့်တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများတက်ရောက်ကြသည်။

ဦးစွာ ရွှေဖျိုင်းအင်းတောရကျောင်းတိုက်ရှိ မောစေရမဏ္ဍာရုံ၌ ရဟန်း ၄၄ ပါးနှင့် ရှင်သာမဏေ ၁၆ ပါးတို့ကို ဆံချမင်္ဂလာပြုလုပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရွှေဖျိုင်းအင်းတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိလောကာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ရဟန်းလောင်းများနှင့် ရှင်သာမဏေလောင်းများအား သင်္ကန်းဆီးပေးကာ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးပြီး သိမ်ထွက်ရဟန်းသံဃာများအား သိမ်ဆွမ်းလောင်းလှူကြသည်။

ယင်းနောက် ယနေ့နံနက်ပိုင်းတွင် စုပေါင်းရဟန်းခံ၊ ရှင်ပြုရေစက်ချအလှူတော်မင်္ဂလာကို ရွှေဖျိုင်းအင်းတောရကျောင်းတိုက်၊ မောစေရမဏ္ဍာရုံ၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊အရာရှိ၊ စစ်သည်၊ မိသားစုများက ရွှေဖျိုင်းအင်းတောရကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညို၍ ဝတ္ထုငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ရွှေဖျိုင်းအင်းတောရကျောင်းတိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဧပြီ ၂၄

# ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်



တာဝန်ရှိသူတစ်ဦးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများနှင့်ထောက်ပံ့ငွေများပေးအပ်စဉ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်အတွင်း ဧပြီလ ၂၃ ရက် ညနေပိုင်းတွင် လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ခြင်းကြောင့် တံပူစားကျေးရွာ၊ ကွင်းယားကြီးကျေးရွာ၊ တရုတ်မှော်ကျေးရွာနှင့် မဲမဲကျေးရွာတို့ရှိ နေအိမ် ၃ လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ၆၁ လုံး အမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည့်နေရာများသို့ ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်မတော်သားများက သွားရောက်၍ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ပြည်တပ်နယ်မှ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)


နေပြည်တော် ဧပြီ ၂၄

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## မိုးလေဝသ သတင်း




## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၀ | ၂၈၉၅ | ၂၈၉၀ | ၂၈၅၅ | ၂၈၉၅ | ၂၉၂၀ | ၂၉၀၅ | ၂၈၈၀ | ၂၉၈၀ | ၂၉၉၅ | ၂၈၈၅ | ၂၈၉၅ | ၂၉၃၅ | ၂၉၃၅ | ၂၉၃၅ | ၃၁၆၅ | ၃၄၅၀ |
| 95 Ron | ၂၉၆၀ | ၃၀၁၀ | ၃၀၀၅ | ၂၉၇၀ | ၃၀၀၅ | ၃၀၃၀ | ၃၀၁၅ | ၂၉၉၀ | ၃၀၉၀ | ၃၁၀၅ | ၃၀၀၀ | ၃၀၁၅ | ၃၀၄၅ | ၃၀၄၅ | ၃၀၅၀ | ၃၂၇၅ | ၃၅၆၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၅ | ၂၇၅၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၅ | ၂၆၃၅ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၈၀၀ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၉ | ၂၈၀၇ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (10 ppm) | ၂၃၆၂ | ၂၄၃၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြုံးယမ်း၊ နိုင်ငံရေး

# အီရန်သို့ နိုင်ငံတကာစီးပွားရေးရာဝန်ကြီးဦးဆောင်သည့် မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့သွားရောက်



မြောက်ကိုရီးယားနိုင်ငံ၏ နိုင်ငံတကာစီးပွားရေးရာဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကြံ့ခိုင်တောင့်တင်းရေးခရီးစဉ်အဖြစ် အီရန်နိုင်ငံသို့သွားရောက်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် KCNA သတင်းအေဂျင်စီကထုတ်ပြန်သည်။

မြောက်ကိုရီးယား နိုင်ငံတကာစီးပွားရေးရာဝန်ကြီး ယွန်ဂျုန်ဟို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အီရန်သို့ ဧပြီလ ၂၃ ရက်တွင် ထွက်ခွာလာခြင်းဖြစ်ပြီး အဆိုပါခရီးစဉ်၏အသေးစိတ်နှင့်စပ်လျဉ်း၍ သတင်းအေဂျင်စီက ဖော်ပြထားခြင်းမရှိပေ။ မြောက်ကိုရီးယားအစိုးရအဖွဲ့မှ အရာရှိများသည် ၂၀၁၉ တွင် အီရန်သို့ နောက်ဆုံးအကြိမ် သွားရောက်ခဲ့ခြင်းဖြစ်သည်။

အီရန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံတို့၏ နျူကလီးယားနှင့် ဒုံးကျည်နည်းပညာထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်နေခြင်းအပေါ် အမေရိကန်အစိုးရက အလွန်စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မက်သယူးမေးလ်လားက အစောပိုင်းတွင် ပြောသည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံနှင့် အီရန်တို့သည် ယခင်ကလည်း ဒုံးကျည်ထုတ်လုပ်မှုတွင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် မြောက်ကိုရီးယား၏ဒုံးကျည်နည်းပညာကို အစ္စရေးသို့ပစ်ခတ်တိုက်ခိုက်သည့် အီရန်၏ပဲ့ထိန်းဒုံးကျည်များတွင် ထည့်သွင်းအသုံးပြုခြင်း ရှိ၊ မရှိကို စောင့်ကြည့်လျက်ရှိကြောင်း တောင်ကိုရီးယားအမျိုးသားထောက်လှမ်းရေးအေဂျင်စီက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ ပြောကြားထားကြောင်းသိရသည်။

သို့ရာတွင် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ ပြောကြားချက်များသည် အခြေအမြစ်မရှိသော ကောလာဟလများဖြစ်ပြီး အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်ကြောင့်ဖြစ်ပွားသည့် ပဋိပက္ခအတွက် အခြားနိုင်ငံတစ်နိုင်ငံအား အပြစ်ပုံချနေခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။

***Ref: RT***

ဝါရှင်တန်၊ ကျန်းမာရေး

# အမေရိကန်ရှိ နွားနို့များတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိ

အမေရိကန်ပြည်ထောင်စုရှိ နွားနို့များတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါပိုး၏အမှုန်များကိုတွေ့ရှိခဲ့ရကြောင်း အမေရိကန်အစားအစာနှင့် ဆေးဝါးစီမံကွပ်ကဲရေးအေဂျင်စီ (FDA)က အတည်ပြုထုတ်ပြန်သည်။

H5N1 ဟုအမည်ပေးထားသည့် ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးကို ပြည်နယ်ရှစ်ခုအတွင်းရှိ နို့စားနွားမွေးမြူရေးခြံ ၃၃ မှ မကျိုချက်ရသေးသော နွားနို့များတွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါနွားနို့များကို ကုန်တိုက်ကြီးများတွင် ရောင်းချနေခြင်းမှ ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိခဲ့သည့် စားသုံးသူများအား အန္တရာယ်ဖြစ်စေနိုင်အောင် ပြင်းထန်မှုမရှိကြောင်း FDA က ဧပြီလ ၂၃ ရက်တွင် ပြောသည်။

သို့သော် ရောဂါပိုးတွေ့ရှိမှုနှင့်စပ်လျဉ်း၍ အာဏာပိုင်များက ဆက်လက်စုံစမ်းနေစဉ် စားသုံးသူများအနေဖြင့် နွားနို့အားကျိုချက်ခြင်းမရှိဘဲ အစိမ်းသောက်ခြင်းမှ ရှောင်ကြဉ်ကြရန် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် FDA တို့က တိုက်တွန်းထားသည်။

H5N1 ကြက်၊ ငှက်တုပ်ကွေးရောဂါပိုးသည် နို့စားနွားများတွင် ဖြစ်ပွားခြင်းသည် မကြာသေးမီကစတင်ခဲ့ခြင်းဖြစ်ပြီး ဆက်လက်ပြောင်းလဲလျက်ရှိကြောင်း၊ နွားနို့အားကုန်တိုက်နှင့်စျေးဆိုင်ကြီးများတွင် မရောင်းချမီ ပိုးသေစေရန်အတွက် လုံလောက်သည့်အချိန်ကာလနှင့် အပူချိန်ဖြင့်ပိုးသတ်ခြင်းသည် စားသုံးသူများ၏ ကျန်းမာရေးအပေါ် ထိခိုက်စေမည်မဟုတ်ကြောင်း အပြည်ပြည်ဆိုင်ရာ နို့ထွက်စားသောက်ကုန်ပစ္စည်းထုတ်လုပ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မက်ဟားရစ်ကပြောကြားခဲ့ကြောင်း သိရသည်။

သို့သော် နွားနို့နမူနာအရေအတွက်မည်မျှကို စစ်ဆေးခဲ့ကြောင်းနှင့် အဆိုပါ နွားနို့နမူနာများအား မည်သည့်မွေးမြူရေးခြံများမှ ရယူခဲ့ကြောင်းကို FDA က အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။

***Ref: NPA, RT***



ဝါဆော၊ စစ်ရေးအကူအညီ

# ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်၍ ယူကရိန်းသို့ အကူအညီများ ထပ်မံပေးအပ်မည်ဟု ဗြိတိန်ပြော

ဗြိတိန်အနေဖြင့် နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်၍ ယူကရိန်းသို့ အကူအညီများ ထပ်မံပေးအပ်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ရီရှီဆူနက်က ပြောသည်။

ဗြိတိန်အစိုးရသည် ယူကရိန်းသို့ အကူအညီအဖြစ် စတာလင်ပေါင် သန်း ၅၀၀ (ဒေါ်လာ သန်း ၆၂၀ ခန့်) ထပ်မံပေးအပ်မည်ဖြစ်ကြောင်း ပိုလန်နိုင်ငံ ဝါဆောမြို့သို့ ရောက်ရှိပြီးနောက် ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တပ်၊ နေတိုးတပ်ဖွဲ့အကြီးအကဲ ဂျန်စတိုတန်ဘာ့ဂ်တို့နှင့် ဧပြီလ ၂၃ ရက်က တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခြင်းဖြစ်သည်။ ထို့ပြင် ဗြိတိန်အစိုးရအနေဖြင့်လည်း လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်ကို နိုင်ငံ့ဂျီဒီပီ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းတိုးမြှင့်မည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ဗြိတိန်အစိုးရသည် နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်ကို ဆက်လက်တိုးမြှင့်လိုက်မည်ဆိုပါက ယင်းနိုင်ငံသည် နေတိုးတပ်ဖွဲ့ဝင်နိုင်ငံများအနက် အမေရိကန်ပြီးနောက် ကာကွယ်ရေးအသုံးစရိတ်အများဆုံးအသုံးပြုသည့် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ယူကရိန်းနိုင်ငံအတွက် ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံးအကူအညီအဖြစ် Storm Shadow တာဝေးပစ်ပဲ့ထိန်းဒုံးကျည်များအပါအဝင် လေကြောင်းကာကွယ်ရေးဒုံးကျည်အစင်းပေါင်း ၁၆၀၀ ကျော်၊ သံချပ်ကာယာဉ်အပါအဝင် စစ်သုံးယာဉ် အစင်းပေါင်း ၄၀၀ ကျော်နှင့် လက်နက်ငယ်ကျည်နှင့် ခဲယမ်းအရေအတွက် လေးသန်းနီးပါးပေးအပ်မည်ဟု ဝန်ကြီးချုပ် ဆူနက်က ကြေညာခဲ့ကြောင်းသိရသည်။

***Ref: ST***

ဂျေရုဆလင်၊ စစ်ရေး

# ဂါဇာတွင် မြေပြင်စစ်ဆင်ရေးဆင်နွှဲရန် အစ္စရေးက အရန်တပ်မဟာနှစ်ခုကို စစ်စည်းရုံး

ဂါဇာကမ်းမြောင်ဒေသတွင် မြေပြင်စစ်ဆင်ရေးဆင်နွှဲရန်အတွက် အရန်တပ်မဟာနှစ်ခုကို စစ်စည်းရုံးခဲ့ပြီးဖြစ်ကြောင်း အစ္စရေးစစ်ဘက်က ဧပြီလ ၂၄ ရက်တွင်ထုတ်ပြန်ကြေညာသည်။

အဆိုပါတပ်မဟာများသည် အစ္စရေးနိုင်ငံ၏ မြောက်ပိုင်းနယ်စပ်အနီးတွင် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီးနောက် လက်ရှိတွင် လေ့ကျင့်သင်ကြားမှုများကို ရယူထား၍ ဂါဇာဒေသ၌ မြေပြင်စစ်ပွဲဆင်နွှဲရန်အတွက် စစ်ရေးအရအသင့်ဖြစ်မှုကို တိုးမြှင့်ထားကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အရန်တပ်မဟာတွင်ပါဝင်သည့် စစ်သည်များသည် တိုက်ပွဲဝင်နည်းလမ်းများကို လေ့ကျင့်ထားသည့်အပြင် မြေပြင်စစ်ကစားမှုနှင့် တိုက်ပွဲဆိုင်ရာလေ့ကျင့်ခန်းများကိုပါ လေ့လာသင်ယူထားပြီးဖြစ်ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။

အစ္စရေးစစ်ဘက်သည် ဂါဇာကမ်းမြောင်ဒေသရှိ ၎င်းတို့၏တပ်ဖွဲ့အချို့ကို ပြန်လည်ရုပ်သိမ်းပြီးနောက် အရန်တပ်များကို မြေပြင်စစ်ဆင်ရေး၌ အသုံးပြုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးစစ်ဘက်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသ၏ တောင်ပိုင်းအကျဆုံးမြို့ဖြစ်သည့် ရာဖာမြို့တွင် မြေပြင်စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရမည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်အကြီးအကဲ ဟာဇီဟာလဗီက အစောပိုင်းတွင်ပြောသည်။



ဂါဇာကမ်းမြောင်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများကိုထိန်းသိမ်း၍ လုပ်ဆောင်ရန် နိုင်ငံတကာမှတောင်းဆိုထားသည့်ကြားမှ အစ္စရေးစစ်ဘက်က စစ်ဆင်ရေးဆင်နွှဲမည့်အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

***Ref: Xinhua***

နေပြည်တော် ဧပြီ ၂၄

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့်ဦးကျော်မျိုးထွန်း၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။





ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားတွင် အဓိကတာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများရွေးချယ်ရေး၊ လေ့ကျင့်သင်ကြားရေး၊ စည်းမျဉ်းစည်းကမ်းများ၊ တည့်မတ်ရေးကဏ္ဍများတွင် နိုင်ငံတော်အကြီးအကဲနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့ကို တာဝန်ခံဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ပါကြောင်း၊ လေ့ကျင့်သင်ကြားရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်တွင် နိုင်ငံ့ဝန်ထမ်းအားလုံးအဆင့်အလိုက်၊ ကဏ္ဍအလိုက် လုပ်ငန်းများကို မှန်မှန်ကန်ကန်လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးကို ရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနိုင်ရေးရည်ရွယ်ပြီး လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်ပါကြောင်း၊ ရာထူးဝန်အဖွဲ့၏ ရွေးချယ်ရေးနှင့်ရာထူးတိုးမြှင့်ရေးလုပ်ငန်းစဉ်များသည်လည်း နိုင်ငံ့ဝန်ထမ်းကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ်ခိုင်မာအားကောင်းလာစေရေး၊ အစိုးရ၏ မူဝါဒများအား အကောင်အထည်ဖော်ရာတွင် ရုံးလုပ်ငန်းများတွင် ခါးဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဓိကလုပ်ငန်းတာဝန်များ အောင်မြင်စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသောမူဝါဒ၊ လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ အားနည်းချက်၊ အားသာချက်များကို ဦးတည်၍ သုံးသပ်ဆွေးနွေးကြရန်မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများအကောင်အထည်ဖော်နိုင်မှု၊ လက်ရှိ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် လုပ်ငန်းများ ကဏ္ဍအလိုက်အကောင်အထည်ဖော်ဆောင်ရွက်သည့်အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဧပြီလ ၂၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့ပင်လယ်ပြင် တနင်္သာရီရေပိုင်နက်အတွင်း ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဖမ်းဆီးရမိခဲ့ပြီး ဗိုလ်တထောင်မြို့နယ် ရဲစခန်းသို့အပ်နှံခဲ့သည့် တရားမဝင်သစ်တင်ဆောင်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားမဝင်ကျွန်းသစ်(၁၁၀ ဒသမ ၃၁၃) တန်၊ အခြားသစ် (၁၀၅ ဒသမ ၆၀၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၈၉၆၄၄၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် MV ရွှေမေတ္တာရေယာဉ်(သံကိုယ်ထည်) (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ခရီးဆောင်အိတ် ၅၀ လုံးအပါအဝင် ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Giga Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၇၀၅၆၄၈)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၀၂၁)တန်၊ သစ်မာ (၄ ဒသမ ၈၇၄) တန် စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၃၃၂၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၃ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မော်လမြိုင်ခရိုင်၊ ကျိုက်ထိုခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် (၄ ဒသမ ၉၄၂) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၁၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဧပြီလ ၂၃ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှဘက်ခြမ်း)၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Lenovo Laptop (Used) ၂၀၀ လုံးအပါအဝင် ကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Amandla Mini Bus (၁)စီးနှင့် Nissan Caravan Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၉၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၃ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၂၄၈)တန်၊ အခြားသစ် (၁၃ ဒသမ ၆၂၀)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၁၀၁)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဧပြီလ ၂၄ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်းတုန်းမြို့နယ်၊ တောင်ပတ်ကျေးရွာအနီး၌ တရားမဝင်စက်သုံးဆီဒီဇယ်ဆီ ၁၃၅ ဂါလန်နှင့် အဝါရောင်ကော်ပုံးအခွံ ၂၅၀ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၆၄၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Dump Truck ၁ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းများဆိုင်ရာဥပဒေအရလည်းကောင်း၊ မင်းဘူးခရိုင်နှင့်သရက်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၀ ဒသမ ၅၈၆) တန်၊ အခြားသစ် (၂ ဒသမ ၁၂၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၃၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၆၅၆၃၉)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၆၈၀၇၅၄၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဧပြီ ၂၄

# ကလေးနှင့်စမ်းချောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၂ ရက် ညနေ ၅ နာရီခွဲတွင် ကလေးမြို့နယ်၊ အင်ဒိုင်းကြီးကျေးရွာအုပ်စု၊ အင်ဒိုင်းလေးကျေးရွာအနီးတွင် မင်းမင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ဆိုက်တွဲယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း။

ဧပြီလ ၂၃ ရက် ညနေ ၅ နာရီခွဲတွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗားကရာလမ်းတွင် မသက်ဖွယ်တွေ့ရှိသူ ကျော်ဝင်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



မင်းမင်းထွန်းအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၄

# ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း စမ်းသပ်စိုက်ပျိုးခြင်းမှထွက်ရှိသည့်နေကြာစေ့များအား ကြိတ်ခွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေဩဇာအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းမှ ထွက်ရှိသည့် မြန်မာနေကြာမျိုးနှင့် ရုရှားနေကြာစေ့များကြိတ်ခွဲဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ကရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် ရုံးတောကျေးရွာရှိ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေဩဇာအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခင်းမှထွက်ရှိလာသည့် မြန်မာနိုင်ငံမှ ရေဆင်းမျိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ Norma၊ Bravo၊ Excellent စသည့် ဆီထွက်သီးနှံ နေကြာစေ့များ ပျဉ်းမနားမြို့နယ် Myanmar Agribusiness Public Cooperation Limited (MAPCO) ဆန်စက်ဝင်းအတွင်းရှိ နေကြာအခွံချွတ်စက်ဖြင့် အခွံချွတ်နေမှုများကိုလည်းကောင်း၊ အခွံချွတ်ပြီးနေကြာစေ့များအား လယ်ဝေးမြို့နယ် တောင်တွင်းဆီစက်တွင် ဆီကြိတ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နေကြာစေ့များအား အခွံချွတ်ပြီးမှ ဆီကြိတ်ခြင်းသည် ဆီအရည်အသွေးပိုမိုကောင်းမွန်နိုင်ကြောင်း၊ စမ်းသပ်စိုက်ပျိုးခဲ့သည့် နေကြာမျိုးအလိုက် နေကြာစေ့အား အခွံမချွတ်ဘဲကြိတ်ခြင်းမှထွက်ရှိလာသော ဆီပမာဏ၊ အခွံချွတ်ပြီးကြိတ်ခြင်းမှထွက်ရှိလာသော ဆီပမာဏ၊ ရေဓာတ်ပါဝင်မှုနှုန်းများကို စနစ်တကျတိုင်းတာတွက်ချက်ထားရန်လိုအပ်ကြောင်း၊ နေကြာမျိုးအလိုက် ဆီထွက်နှုန်း၊ တွက်ခြေကိုက်မှု ရှိ၊ မရှိ၊ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ပြီး ဆက်လက်စမ်းသပ်သည့်အခါတွင် အားနည်းချက်များကိုပြုပြင်၍ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက် အသင်းပိုင်မြေ ၁၅ ဧကပေါ်တွင် ရုရှားသဘာဝမြေဩဇာအသုံးပြု၍ နွေစပါးစမ်းသပ်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပဲခူး ဧပြီ ၂၄

# သံဃာအပါး ၅၀၀ အား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကျင်းပ

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပေါ်တွင် ဧပြီလ ၂၃ ရက် ညနေပိုင်းက သံဃာအပါး ၅၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်လောင်းလှူကြည်ညိုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ရန် ပြင်ဆင်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဘုရားအမှူးပြုသော သံဃာတော်အပါး ၅၀၀ အား အများပေါင်းစုကောင်းမှုကုသိုလ်တို့ဖြင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များက ပဲခူးမြို့နယ်အတွင်း ကျောင်းတိုက်အသီးသီးရှိ သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ အား ဆွမ်းဆန်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများအား စေတနာသဒ္ဓါထက်သန်စွာ လောင်းလှူပူဇော်ကြသည်။

ထို့ပြင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်စေတီတော်မြတ်ကြီး၏ (၂၆၀၆)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား တန်ခူးလဆန်း ၁၀ရက်မှ တန်ခူးလပြည့်ကျော် ၄ ရက်အထိ ဧပြီလ ၁၈ ရက်မှ ၂၇ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၆၀၆)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အဖြစ် သံဃာအပါး ၅၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ၌ ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းတန်ဖိုးငွေကျပ် ၁၀၀၅ သိန်းကျော် လောင်းလှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**၄၀၁၊ တင်စိုး(ပဲခူး)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၈˚ C | / | ၃၉˚ C |
| ရန်ကုန် | ၂၆˚ C | / | ၃၉.၂˚ C |
| မန္တလေး | ၃၀˚ C | / | ၄၂.၅˚ C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဧပြီ ၂၄

# မြိတ်မြို့ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်းကုန်ထုတ်စခန်း၊ မြိတ်အကျဉ်းထောင်၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ မြို့မရဲစခန်းအချုပ်ခန်းနှင့်တရားရုံး အချုပ်ခန်းတို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ကြည့်ရှုစစ်ဆေး



မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်းကုန်ထုတ်စခန်းကို ဧပြီလ ၂၂ ရက်တွင်လည်းကောင်း၊ မြိတ်အကျဉ်းထောင်နှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတို့ကို ဧပြီလ ၂၃ ရက်တွင်လည်းကောင်း၊ မြို့မရဲစခန်းအချုပ်ခန်းနှင့် ခရိုင်/ မြို့နယ်တရားရုံးအချုပ်ခန်းများကို ယနေ့တွင်လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မရှင်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ကျောက်ဖြူတောင်/နတ်စင်ကုန်းကုန်ထုတ်စခန်းနှင့် မြိတ်အကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အိပ်ဆောင်များတွင် တွေ့ဆုံ၍ အကျဉ်းသား၊ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန်ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနေမှု၊ လွတ်လပ်စွာကိုးကွယ်နိုင်မှု၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးမှု၊ စာရိတ္တပြုပြင်ပြောင်းလဲပေးမှု၊ စာကြည့်တိုက်သုံးစွဲမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ ထောင်ဝင်စာပစ္စည်းများစုံလင်စွာရရှိမှု၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှုအခြေအနေများ၊ ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှုအခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေကန်များ၊ အတွင်း/အပြင် မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကိုကြည့်ရှုစစ်ဆေးပြီး အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ်စာအုပ်များကို ကော်မရှင်မှလှူဒါန်းခဲ့သည်။


ထို့နောက် ကော်မရှင်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းကို ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်းတွင် အမျိုးသမီးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမှု၊ သန့်ရှင်းသောသောက်ရေနှင့်သုံးရေရရှိစေရန်ဆောင်ရွက်ပေးနေမှု၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်ပြုစုစောင့်ရှောက်ပေးမှုအခြေအနေများနှင့် အတန်းပညာသင်ယူခွင့်ဆောင်ရွက်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်သင်ကြားဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့်ပြန်လည်ပေါင်းစည်းခွင့်နှင့် လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် စသည့် အခြေခံလူ့အခွင့်အရေးများရရှိစေရန်ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့သည် မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင်နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်အဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# တရုတ်၏စစ်ရေးနည်းပညာကို အမီလိုက်ရန် လိုအပ်နေသည့်အမေရိကန်

နိုင်အောင်



တရုတ်တပ်မတော်သည် စွမ်းဆောင်ရည်မြင့်မားသော်လည်း အမေရိကန်စစ်ဘက်က အတွေ့အကြုံပိုင်းတွင် ပိုမိုအားသာလျက်ရှိသောကြောင့် လက်ရှိဖြစ်ပေါ်နေသည့် အမေရိကန်-တရုတ်ပဋိပက္ခတွင် အမေရိကန်က အရေးသာနိုင်ကြောင်း အမေရိကန်ထောက်လှမ်းရေး အရာရှိတစ်ဦးကပြောကြားလိုက်ကြောင်း တွေ့ရသည်။

တရုတ်နိုင်ငံသည် ယခုအခါ H-20 ကိုယ်ပျောက်ဗုံးကြဲလေယာဉ် အပါအဝင် လက်နက်စနစ်အများအပြားကို ထုတ်လုပ်လျက်ရှိသော်လည်း အမေရိကန်၏ B-2 လေယာဉ် သို့မဟုတ် မကြာမီထွက်ပေါ်လာမည့် B-21 စစ်လေယာဉ်တို့နှင့် ပခုံးချင်းယှဉ်နိုင်လောက်သည့် အနေအထားတွင် မရှိကြောင်း အမည်မဖော်လိုသည့် အဆိုပါ အမေရိကန်အရာရှိက သတင်းထောက်များကို ပြောကြားသည်။ သို့သော် အမေရိကန်အနေဖြင့် တရုတ်နှင့် အင်အားသုံးထိပ်တိုက်ရင်ဆိုင်ရပါက ထိခိုက်ဆုံးရှုံးမှုများပြားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ကြောင့် အမေရိကန်စစ်ဘက်သည် တရုတ်နှင့်ရင်ဆိုင်နိုင်ရေးအတွက် လက်နက်ကိုင်တပ်များအား အဆင့်မြှင့်တင်နိုင်ရန် စီမံကိန်းများချမှတ်လျက်ရှိသည်။ အကြောင်းမှာ တရုတ်နိုင်ငံသည် အမေရိကန်နှင့် မလွဲမသွေ ထိပ်တိုက်တွေ့ဆုံရနိုင်မည်ဖြစ်သည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ယခင်ကတည်းက ပြောကြားထားခြင်းကြောင့် ဖြစ်သည်။ လက်ရှိတွင် မဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်များနှင့် ဒရုန်းများသည် အမေရိကန်စစ်ဘက်က လုပ်ဆောင်နေသည့် စစ်ရေးအဆင့်မြှင့်တင်မှု၏ဗဟိုချက်မအဖြစ် ဆက်လက်ပါဝင်နေပြီး ပင်တဂွန်စစ်ဌာနချုပ်၏ အမိကဦးစားပေးအဖြစ်နှင့် ကာကွယ်ရေးဆိုင်ရာစိန်ခေါ်မှုတိုင်းနီးပါးအတွက်၊ အထူးသဖြင့် တရုတ်နိုင်ငံနှင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ထိပ်တိုက်ရင်ဆိုင်မှု၊ အင်ဒို-ပစိဖိတ်ဒေသနှင့် တောင်တရုတ်ပင်လယ်တို့တွင် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများအတွက်ပင် ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

တရုတ်နိုင်ငံ၏နျူကလီးယားစွမ်းဆောင်ရည်သည် အလျင်အမြန်ကြီးထွားလာနေခြင်းကြောင့် အမေရိကန်နှင့်တရုတ်တို့ကြားရှိ နျူကလီးယားစွမ်းဆောင်ရည်ကွာဟမှုကို ပိုမိုကျဉ်းမြောင်းလာစေလျက်ရှိသည်ဟု ပင်တဂွန်စစ်ဌာနချုပ်က အစောပိုင်း၌ထုတ်ပြန်ခဲ့ပြီး တရုတ်နိုင်ငံ၏နျူကလီးယားလက်နက် အင်အားသည် လာမည့် ၂၀၂၇ ခုနှစ်ခန့်တွင် ဒုံးကျည်များတွင်တပ်ဆင်ပစ်ခတ်နိုင်သည့် နျူကလီးယားထိပ်ဖူး ၇၀၀ ခန့်ကို ပိုင်ဆိုင်မည့် အလားအလာရှိသည်ဟု ပင်တဂွန်က ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ကြောင့်လက်နက်ကိုင်တပ်ဖွဲ့အဆင့်မြှင့်တင်ရေး အစီအစဉ်နှင့်စပ်လျဉ်း၍ အစိုးရအနေဖြင့် ၎င်းတို့ချမှတ်ထားသည့် ကတိကဝတ်ကို ထိရောက်စွာဖော်ဆောင်ပေးရန်၊ အထူးသဖြင့် ဗုံးကြဲလေယာဉ် ထုတ်လုပ်မှုအစီအစဉ်ကို အလေးပေးဖော်ဆောင်ရန် အမေရိကန်လေတပ်ဆိုင်ရာ အတွင်းဝန် ဖရန့်ကန်ဒေါက အစိုးရအား ယခု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းက တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အကြောင်းမှာ အမေရိကန်သည် ဒရုန်းနည်းပညာတွင် လက်ရှိထိပ်တန်းအဆင့်တွင်ရပ်တည်နေနိုင်ပြီး မကြာသေးမီနှစ်များက ထိုင်ဝမ်ရေလက်ကြား၌ ဖြစ်ပွားခဲ့သည့် တရုတ်လေတပ်၏သရုပ်သကန်ဖန်တီးလေ့ကျင့်သည့် လေ့ကျင့်မှုတစ်ရပ်အတွင်း အမေရိကန်၏ ကွန်ရက်ချိတ်ဆက်ထားသောဒရုန်းများသည် တရုတ်နိုင်ငံ၏ အဝင်/အထွက် ပိတ်ဆို့ရေးမဟာဗျူဟာ အောင်မြင်စွာ ဖြတ်ကျော်၍ အောင်ပွဲခံနိုင်ခဲ့ကြောင်း အမေရိကန်ကမ္ဘာလုံးဆိုင်ရာ မူဝါဒချမှတ်ရေး အဖွဲ့ကြီးတစ်ခုဖြစ်သည့် RAND မှ လက်ထောက်ကာကွယ်ရေး အတွင်းဝန်ဟောင်း ဒေးဗစ် အော့ရှ်မေးနက်ခ်က ပြောကြားခဲ့သည်။

ယင်းအချက်သည် တရုတ်နှင့်အခြားနိုင်ငံများရှိအစိုးရအဖွဲ့များအား သတိပေးချက်တစ်ရပ်အဖြစ်လည်း ထွက်ပေါ်ခဲ့သည်ဟုဆိုနိုင်သည်။ ထို့ပြင် ဒရုန်းများသည် အမေရိကန်၏ ဒုံးကျည်ထုတ်လုပ်မှုတွင် ဖြစ်ပေါ်နေသည့် ကွာဟချက်အတွက် ဖြည့်ဆည်းပေးနိုင်မည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်ဟု Hudson Institute မှ ရေတပ်စစ်ဆင်ရေးမှူးအကြီးအကဲ၏ အထူးလက်ထောက်ဖြစ်သူ ဘရိုင်ယန်က လာ့ခ်က ပြောကြားထားသည်။


သို့သော် တရုတ်နိုင်ငံသည် ယခုအခါ အမေရိကန်၏ထိန်းချုပ်ရေး ကြိုးပမ်းမှုများကို တန်ပြန်နိုင်ရေးအတွက် မှတ်ဉာဏ်တုနည်းပညာအပါအဝင် အခြားနည်းပညာများတွင် သာလွန်အောင် စတင်လုပ်ဆောင်လာပြီဖြစ်သည်။

တရုတ်အစိုးရသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်းက နိုင်ငံအတွင်း၌ကျင်းပခဲ့သည့် ကျူဟိုင်လေကြောင်းပြပွဲတွင် China Space Sanjiang Group မှ ထုတ်လုပ်ထားသော ယာဉ်ပေါ်တပ်ဆင်နိုင်သည့် "drone killer" LW-30 လေဆာကာကွယ်ရေးစနစ်ကို ထုတ်ဖော်ပြသခဲ့သည်။ ၎င်းလေဆာကာကွယ်ရေးစနစ်သည် ၂၀၁၈ ခုနှစ်တွင် ပွဲဦးထွက်ပြသခဲ့သော လေဆာရောင်ခြည်သုံး ကာကွယ်ရေးလက်နက်၏ "အကောင်းဆုံး" မူကွဲလက်နက်စနစ်ဖြစ်သည့် LW-30 သည် China's Poly Technologies မှ ထုတ်လုပ်ထားသည့် "Silent Hunter" စနစ်နှင့် ဆင်တူမှုရှိသည်။

Silent Hunter လေဆာကာကွယ်ရေးစနစ်ကို တရုတ်က ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆော်ဒီအာရေဗျ၌ စတင်ဖြန့်ကြက်ခဲ့သည်။ LW-30 လေဆာရောင်ခြည်လက်နက်စနစ်သည် ကီလိုမီတာအနည်းငယ်အကွာရှိ သေးငယ်သော ဒရုန်းများကို စက္ကန့်အနည်းငယ်အတွင်း လှည့်ပတ်၍ပစ်ခတ်နိုင်ပြီး နောက်ပစ်မှတ်သို့ ချိန်ရွယ်နိုင်စွမ်းရှိကြောင်း Sanjiang Group နှင့် တရုတ်နိုင်ငံပိုင်မီဒီယာတို့က ထုတ်ဖော်ပြောကြားခဲ့သည်။ လျှပ်စစ်ဓာတ်အားကိုအသုံးပြုခြင်းဖြင့် ရန်သူ၏ဒရုန်းများကို ချည့်နဲ့စေခြင်းသည် အခြားလက်နက်ခဲယမ်းများကိုအသုံးပြုရခြင်းထက် ကုန်ကျစရိတ်ကို များစွာသက်သာစေသည်။

China Sanjiang ကုမ္ပဏီအနေဖြင့် ရန်သူ၏ဒရုန်းတစ်စင်းအား တိုက်ခိုက်ချေမှုန်းရန်အတွက် တရုတ်ယွမ် ၁၂ ယွမ်ခန့် (ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၁. ၇၅ ခန့်) ကုန်ကျမည်ဟု ခန့်မှန်းထားခြင်းကြောင့် ယင်းနည်းလမ်းသည် ပြိုင်ဘက်နိုင်ငံများ၊ အထူးသဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ဒရုန်းစနစ်များကို ချေမှုန်းရာတွင် များစွာထိရောက်စေနိုင်သည်။ စင်စစ်တွင် LW-30 လေဆာရောင်ခြည်လက်နက်စနစ်ကိုထုတ်လုပ်ခဲ့ရသည့် အဓိကရည်ရွယ်ချက်မှာ ဒရုန်းကဲ့သို့သော ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်ပင်ဖြစ်သည်။

တရုတ်နိုင်ငံက ပြောကြားသည့် ပြောကြားချက်များသာ မှန်ကန်မည်ဆိုပါက China Sanjiang ကုမ္ပဏီသည် တာရှည်ခံသည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စိန်ခေါ်မှုကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ပြီး သေးငယ်ပြီးရွေ့လျားနေသောပစ်မှတ်များအား လေဆာရောင်ခြည်ကို အသုံးပြု၍ တိုက်ခိုက်ချေမှုန်းနိုင်ပြီဖြစ်သည်ဟု ဆိုနိုင်သည်။




ထို့ပြင် China Sanjiang ကုမ္ပဏီသည် LW-30 ၏ ၃၀ ကီလိုဝပ်ရှိ လေဆာရောင်ခြည်အလင်းတန်းကို ပိုမိုမြင့်မားသော စွမ်းအင်အဖြစ် အဆင့်မြှင့်တင်ရန်ကြိုးပမ်းလျက်ရှိပြီး ပစ်မှတ်များကိုဖျက်ဆီးရာ၌ လိုအပ်သည့်အချိန်ကို လျှော့ချရန်အတွက်လည်း ကြိုးပမ်းလျက်ရှိသည်။

အခြေအနေအမျိုးမျိုး၌ အသုံးချနိုင်စွမ်းရှိသော တရုတ်နိုင်ငံ၏ LW-30 နှင့် အခြားသော ဒရုန်းတိုက်ဖျက်ရေးလက်နက်များသည် ၂၁ ရာစု စစ်မြေပြင်တွင် မရှိမဖြစ်လိုအပ်သည့် စွမ်းအားတစ်ခုဖြစ်လာသည်ဟု တရုတ်အစိုးရက ၎င်းတို့၏ စစ်သိပ္ပံစာစောင်တစ်ခုတွင် ဖော်ပြခဲ့သည်။ ထို့ပြင် အမေရိကန်သည် တရုတ်နိုင်ငံ၏ တိုးတက်လာသည့် စစ်ရေးနည်းပညာနှင့် စပ်လျဉ်း၍လည်း စိုးရိမ်မကင်းဖြစ်လျက်ရှိသည်ကိုတွေ့ရသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ အသံထက်မြန်သည့်ဒုံးကျည် စမ်းသပ်နိုင်မှုဖြစ်သည်။

တစ်ချိန်တည်းမှာပင် အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှားနှင့် အစ္စရေးကဲ့သို့သော နိုင်ငံများကလည်း အဆိုပါနည်းပညာကို အသုံးပြုလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်ကဖြစ်ပွားခဲ့သည့် အာမေနီးယား-အဇာဘိုင်ဂျန် စစ်ပွဲနှင့် ယနေ့လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ရုရှား-ယူကရိန်း လက်နက်ကိုင်ပဋိပက္ခတို့တွင် ဒရုန်းများ၏ အရေးပါသော အခန်းကဏ္ဍအကြောင်း မကြာသေးမီက တရုတ်မီဒီယာများက ရေးသားဖော်ပြခဲ့ကြသည်။ လက်နက်ကိုင်ပဋိပက္ခနှစ်ခုစလုံးတွင် လက်နက်ကိုင်တပ်ဖွဲ့များမှစစ်သည်များသည် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်မှုနှင့် တိုက်ခိုက်ရေးမစ်ရှင်များအတွက် လူလိုက်ပါသော လေယာဉ်များ၏နေရာတွင် ငွေကြေးအကုန်အကျသက်သာပြီး အစားထိုးရန်လွယ်ကူ၍ ထိရောက်မှုရှိသော ဒရုန်းများအား အစားထိုးလက်နက်စနစ်တစ်ခုအဖြစ် အသုံးပြုလာခဲ့ခြင်းကြောင့် လာမည့်အနာဂတ်တွင် အမေရိကန်အနေဖြင့် စစ်ရေးနည်းပညာအချို့တွင် တရုတ်အားကျော်ဖြတ်နိုင်ရန် ကြိုးပမ်းရဖွယ်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ *CNA, RT*




## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၆)၊ ခိုင်ရွှေဝါလမ်းသွယ်၊ အိမ်အမှတ်(၂၉)နေ ဒေါ်စိန်အေး၏ သားဖြစ်သူ မောင်သန့်ဇင်ဦး(ခ)မောင်ဘိန်းစား ၁၂/မဂဒ(နိုင်) ၁၅၈၈၆၃ သည် မိဘ၊ ညီအစ်ကို၊ မောင်နှမများအား အမျိုးမျိုးသော စိတ်ဆင်းရဲမှုများပြုလုပ်၍ ၁၀-၄-၂၀၂၄ ရက်နေ့တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်သန့်ဇင်ဦး(ခ)မောင်ဘိန်းစားနှင့် ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်စိန်အေး**
**၁၂/မဂဒ(နိုင်)၀၇၄၁၂၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး-အင်းစိန်
## ဆေးရုံအုပ်ကြီးရုံး
## ဖုန်း-၀၁ ၃၆၄၀၁၃၂၊ ၀၁ ၃၆၄၀၅၂၃၊ ဖက်(စ်)-၀၁ ၃၆၄၀၅၂၃
## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေကြသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများ၊ Speciality ဆေးဝါးများ၊ ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ Oxygen နှင့် Basic consumable များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါအားခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၂၄-၄-၂၀၂၄ရက်(ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၃-၅-၂၀၂၄ရက်(ကြာသပတေးနေ့) ညနေ(၄း၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်**
**ဖုန်း-၀၁-၃၆၄၀၅၂၃၊ ၀၁ ၃၆၄၀၁၃၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ပြည်တော်သာရပ်၊ (၄)လမ်း၊ အိမ်အမှတ်(၁၉၅)နေ (ဘ)ဦးမြင့်ဝေ၊ (အမိ)ဒေါ်ခင်အေးရီတို့၏သမီးဖြစ်သူ မငွေစန္ဒာထွန်း ၉/ပဥလ(နိုင်)၀၂၃၁၈၅ သည် ၁၈-၃-၂၀၂၄ ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မငွေစန္ဒာထွန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးမြင့်ဝေ ၉/မမန(နိုင်)၀၀၆၃၉၈**
**ဒေါ်ခင်အေးရီ ၉/မမန(နိုင်)၀၀၆၃၉၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## (ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အသုံးပြုမည့်လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါဝယ်ယူရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်-

(က) လျှောက်လွှာစတင်ဝယ်ယူနိုင်သည့်ရက် - (၂၉-၄-၂၀၂၄)ရက်နေ့

(ခ) တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်နှင့်အချိန် - (၉-၅-၂၀၂၄)ရက်နေ့၊ နံနက်(၁၀း၀၀)နာရီ

(ဂ) တင်ဒါဖွင့်ဖောက်စိစစ်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ၊ ရတနာလမ်းသွယ်၊ (၆၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံးတွင် (၂၉-၄-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၉-၆၈၂၂၈၂၇၀၉

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

မကွေးမြို့နယ်၊ ဆူးကောက်စမ်းကျေးရွာနေ အောင်ကို(ဘ)ဦးမြင့်ဝေ ၈/မကန(နိုင်)၂၉၃၀၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 781510)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၈၂၇၁၁၈၀**

## ပျောက်ဆုံးကြောင်း

ပေါင်မြို့၊ မုတ္တမကျေးရွာနေ အောင်ရာဇာမိုး(ဘ)ဦးသန်းအောင် ၁၀/ပမန(နိုင်)၁၅၇၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (ME 373238)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း

မောင်ပန်းဝင်း(ဘ)ဦးရင်ထွန်း ၁၀/မဒန(နိုင်)၂၁၁၁၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၄၃၇၆၃၃**

### ပျောက်ဆုံးကြောင်း

သက်ပိုင်စိုး(ဘ)ဦးပိုင်စိုး ၁၀/မလမ(နိုင်)၂၇၄၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၈၆၄၉၈၉**

### ပျောက်ဆုံးကြောင်း

ကြည်စိုးစံ(ဘ)ဦးမင်းမောင် ၁၀/မလမ(နိုင်)၂၃၆၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

ဦးရှင်(ဘ)ဦးကျော်ဝင်း ၉/မရမ(နိုင်)၀၆၇၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၄၃၇၆၃၃**

### ပျောက်ဆုံးကြောင်း

မသွယ်မျိုးထက်(ဘ)ဦးသန်းထွန်း ၁၀/မဒန(နိုင်)၂၀၉၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၁၃၇၇၇၄၅**

### ပျောက်ဆုံးကြောင်း

အေးအေးခိုင်(ဘ)ဦးခင်မောင်ဒွေး ၁၀/ခဆန(နိုင်)၁၂၉၄၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၀၉၁၃၈၅**

### ပျောက်ဆုံးကြောင်း

မောင်ရင်မွန်(ဘ)ဦးဘိုးလှ ၁၀/ရမန(နိုင်)၁၅၇၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၆၆၉၃၈၄၈**

### ပျောက်ဆုံးကြောင်း

မောင်ထွန်းအေး(ဘ)ဦးမောင်စီး ၁၀/ကမရ(နိုင်)၀၈၄၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၅၇၀၀၅၅၆**

### ပျောက်ဆုံးကြောင်း

မမိချမ်း(ဘ)မင်းမန်းထွန်း ၁၀/ကမရ(နိုင်)၁၅၃၅၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၇၃၅၆၂၅**

### ပျောက်ဆုံးကြောင်း

အောင်မျိုးလတ်(ဘ)ဦးငွေထွန်း ၁၀/ခဆန(နိုင်)၁၂၈၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၃၆၁၃၃၅**

### ပျောက်ဆုံးကြောင်း

အိသဉ္ဇာအောင်(ဘ)ဦးဥက္ကာဦး ၁၀/သထန(နိုင်)၂၁၈၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၉၆၄၇၉၂၃**

### ပျောက်ဆုံးကြောင်း

မဆန်းစုစုထွေး(ဘ)ဦးထိုးရယ် ၂/လကန(နိုင်)၀၄၈၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၁၉၀၉၃၆၀**

### ပျောက်ဆုံးကြောင်း

မင်းအောင်မျိုးကြည်(ဘ)ဦးလှကြည် ၁၀/ခဆန(နိုင်)၀၉၉၁၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၂၁၁၁၈**

### ပျောက်ဆုံးကြောင်း

နွယ်ရီစန်း(ဘ)ဦးငြိမ်းမောင် ၁၂/ကမန(နိုင်)၁၂၆၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း

နိုင်လင်း(ဘ)ဦးလှဆန်း ၁၂/သကတ(နိုင်)၁၇၇၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 165357)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၂၄၈၉၉၀**

### ပျောက်ဆုံးကြောင်း

သီသီစိုး(ဘ)ဦးစိုးဦး ၁၂/ဒဂတ(နိုင်)၀၄၉၁၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M0 650941)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၄၃၀၇၅၁**

### ပျောက်ဆုံးကြောင်း

ရဲမင်းထွဋ်(ဘ)ဦးအေးသိုက် ၇/သကန(နိုင်)၁၁၁၁၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၄၃၀၇၅၁**

### ပျောက်ဆုံးကြောင်း

နေလင်း(ဘ)ဦးမြင့်စိုး ၇/ပတန(နိုင်)၁၀၉၅၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 674555)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၄၃၀၇၅၁**

### ပျောက်ဆုံးကြောင်း

